ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ သောကြာနေ့ (15-3-2013) (၇၄၂၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၄

၂၀၁၃ ခုနှစ် မတ် ၁၄ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် မစ္စတာရှီကျင့်ဖျင်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝကူညီဆောင်ရွက်သွားမည် နယူးဇီလန်နိုင်ငံတွင် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်သွားမည်

နေပြည်တော် မတ် ၁၄

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆာဂျယ်ရီမိတာပါရေးက မတ် ၁၄ ရက် ညနေ ၃ နာရီတွင် အော့ကလန်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ရောက်ရှိလာရာ နယူးဇီလန် (Maori Cultural Group) က မိုရီတိုင်းရင်းသားရိုးရာဓလေ့ထုံးစံအရ ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား နယူးဇီလန်ဘုရင်ခံချုပ်နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နှစ်နိုင်ငံဆွေးနွေးပွဲကို အစိုးရအိမ်တော်၌ ကျင်းပရာ**(ယာပုံ)** နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး နယူးဇီလန်ဘုရင်ခံချုပ်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ နယူးဇီလန်နိုင်ငံအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပညာရေး၊ မွေးမြူရေးကဏ္ဍများတွင် နယူးဇီလန်နိုင်ငံကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာအကူအညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးစဉ် နယူးဇီလန်နိုင်ငံ ဘုရင်ခံချုပ်က နယူးဇီလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံတွင်မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



မြန်မာနိုင်ငံ စာရေးဆရာအသင်းက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအတွက် သဘောထားထုတ်ပြန်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် အရေးပေါ်အစည်းအဝေးကျင်းပပြီး သဘောထားထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအတွက်
မြန်မာနိုင်ငံစာရေးဆရာအသင်း၏
သဘောထားထုတ်ပြန်ချက်(၁/၂၀၁၃)

၁။ မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ပါဝင်သောအသင်းဝင်များသည် စာပေရေးသားခြင်းကို တစိုက်မတ်မတ် လုပ်ကိုင်နေသူများဖြစ်ကြပြီး ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့်လည်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် ဆက်စပ်ယှဉ်တွဲလုပ်ကိုင်နေကြသူများ ဖြစ်ပါသည်။

၂။ အများပြည်သူ လေ့လာအကြံပြုနိုင်ရန် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းသည် တည်ဆဲဥပဒေများဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် ၁၉၃၁ ခုနှစ် ပုံနှိပ်သူများ (အရေးပေါ်အာဏာ)ဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပါက ပုံနှိပ်သူများနှင့် ထုတ်ဝေသူများအတွက် ပိုမိုလွတ်လပ်ပျော့ပျောင်းစွာ လုပ်ကိုင်နိုင်ခွင့်များ ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းပါ ပြင်ဆင်သင့်သည်ဟုယူဆသော အချက်အလက်အချို့နှင့်ပတ်သက်၍ သက်ဆိုင်ရာသို့အကြံပြုတင်ပြပြီး ကျန်အချက်အများစုနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း သဘောထားထုတ်ပြန်ပါသည်။

ယနေ့ မာတိကာ

နိုင်ငံအကျိုး၊ မိမိအကျိုးသယ်ပိုး
စာမျက်နှာ - ၂

ဟောင်ကောင်ရုပ်ရှင်
ရက်သတ္တပတ်ပွဲတော် ဗီယက်နမ်၌
ပထမဆုံးအကြိမ် ကျင်းပမည်
စာမျက်နှာ - ၁၂

ကြေးမုံ စာတည်းရှေ့ထောင့် ၁၅-၃-၂၀၁၃ [သောကြာနေ့]

နိုင်ငံအကျိုး၊ မိမိအကျိုးသယ်ပိုး

မြန်မာနိုင်ငံမှ ရေခြားမြေခြား နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားအရေအတွက်မှာ သန်းနှင့်ချီ၍ ရှိနေပေသည်။ ထိုသို့ သွားရောက်လုပ်ကိုင်သူများတွင် အဆင်ပြေသည့်သူများသလို အဆင်မပြေသည့်သူများလည်း ပို၍ရှိပေလိမ့်မည်။

မိမိတို့အတွက် လုပ်ခလစာဝင်ငွေ ကောင်းမွန်စွာရရှိရေးတည်းဟူသော ဦးတည်ရည်မှန်းချက်တစ်ခုတည်းဖြင့် သွားရောက်လုပ်ကိုင်ကြသူများမှာ အများစုဖြစ်မည်။ နိုင်ငံရပ်ခြားဆိုသည်မှာ မိမိနိုင်ငံမဟုတ်သဖြင့် ခိုကိုးစရာ၊ အားထားစရာနည်းပါးလှသည်ကို ရောက်ဖူးသူတိုင်းသိရှိပေလိမ့်မည်။

အရိပ်အာဝါသဟူသမျှတွင် မိဘ၏အရိပ်သည် အအေးမြဆုံးဖြစ်သကဲ့သို့ မိဘတည်းဟူသော အမိမြေမှ ကင်းကွာသည့် အချိန်ကာလမှစ၍ အေးမြမှု၊ လုံခြုံမှုတို့ ဆိတ်သုဉ်းတတ်လေသည်။

တိုင်းတစ်ပါးသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည် ဝင်ငွေကောင်းခြင်းဖြစ်လေရာ ယင်းမက်လုံးကိုယုံစား၍ တိုင်းတစ်ပါးသို့လိုက်ပါသွားရာမှ အလိမ်အညာခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ လုပ်ခလစာအနှိမ်ခံရခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို ကြားသိရသည်။

များမကြာမီက မြန်မာနိုင်ငံမှ အလွန်ဝေးကွာသော အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာအလုပ်သမားများ အခက်အခဲပေါင်းစုံ ကြုံတွေ့ခဲ့ရသည့်သတင်းကို ကြားသိခဲ့ရသည်။ ထိုအလုပ်သမားများရရှိသည့် လုပ်ခလစာမှာ မြန်မာကျပ်ငွေနှင့်ညီမျှသည့် ကျပ်တစ်သိန်းသုံးသောင်းကျော်မျှသာရရှိသည်ဟု ဆိုသဖြင့် များစွာစိတ်မကောင်းဖြစ်မိပေသည်။

မြန်မာအလုပ်သမားများ လုပ်ရသည့်လုပ်ငန်းမှာ အထည်ချုပ်လုပ်ငန်းဖြစ်၍ အမျိုးသမီးငယ်များလုပ်ကိုင်သော လုပ်ငန်းဖြစ်သောကြောင့် ပို၍စိတ်မကောင်းဖြစ်ရပေသည်။ ထိုအလုပ်သမားများ၏ နေရင်းအရပ်နှင့်လုပ်ကိုင်သူများကို အဖြေထုတ်ကြည့်လျှင် ကျေးရွာများနှင့် ဆင်ခြေဖုံးရပ်ကွက်များမှ အခြေခံလူတန်းစားများ ဖြစ်ပေလိမ့်မည်။

အမှန်တွင် မိမိနိုင်ငံတွင်ပင် ကောင်းရောင်းကောင်းဝယ် ရှာဖွေလုပ်ကိုင်လျှင်ပင် ထိုဝင်ငွေထက်မနည်း ရရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံရပ်ခြားဖြစ်၍ အထင်ကြီးမိခြင်း၊ ဝင်ငွေပိုကောင်းမည်ဟု မျှော်လင့်မိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြရာမှ အထင်နှင့်အမြင်လွဲခဲ့ခြင်းဖြစ်ပေမည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလာသည်ကို ကြားသိရ၍ အဆိုပါ အလုပ်သမားများအတွက် အားတက်မိသည်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် အထောက်အထားမဲ့ အလုပ်သမားများအား အထောက်အထားများ ထုတ်ပေးမှုသည် ထင်ရှားသည့် သာဓကတစ်ခုဖြစ်သည်။ နယ်စပ်မှတစ်ဆင့် သဘောတူစာချုပ်ချုပ်ဆို၍ တရားဝင် စေလွှတ်ခြင်း၊ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည်ဟု သိရှိရ၍ ဝမ်းမြောက်မိသည်။

အဆိုပါ အလုပ်သမားများဘဝ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ယခုအခါ ထိုင်းနှင့်ကိုရီးယားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများခန့်အပ်တာဝန်ပေးလျက်ရှိပြီး ဆက်လက်၍ မလေးရှားနိုင်ငံနှင့် အခြားအလုပ်လုပ်ကြသော နိုင်ငံများတွင် ဆောင်ရွက်ပေးဦးမည်ဟု သိရှိရပေရာ အလုပ်သမားများကြုံတွေ့နေရသော အခက်အခဲများ အတိုင်းအတာတစ်ရပ်အထိ ပြေလည်မှုရှိမည်ဟု ယုံကြည်ပါသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံသားများအား ယနေ့ကာလတွင် နိုင်ငံတော်က မိမိနိုင်ငံသားများအကျိုးကို အတတ်နိုင်ဆုံး အလေးထား ဆောင်ရွက်ပေးခြင်းနှင့်အတူ တစ်ချိန်သောကာလတွင် မြန်မာနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းများပေါများခြင်း၊ အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိခြင်း စသည့်အခွင့်အရေးများ ဖြစ်ထွန်းလာတော့မည်။

ထိုအခါ အမိမြေ၏အရိပ်အာဝါသအောက်သို့ ပြန်လည်ဝင်ရောက်၍ မိမိအကျိုး၊ မိမိနိုင်ငံအကျိုးတို့ကို သယ်ပိုးထမ်းဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မြန်မာ-အမေရိကန် စီးပွားရေးကောင်စီဖွဲ့စည်းရေး ဆွေးနွေး

နေပြည်တော် မတ် ၁၄

မြန်မာ-အမေရိကန် နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရေး၊ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ သစ်၊ ငါး၊ ပုစွန်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ အကောက်ခွန်သက်သာခွင့် (GSP) အခွင့်အရေး ပြန်လည်ရရှိရေးနှင့် မြန်မာ-အမေရိကန်စီးပွားရေးကောင်စီ ဖွဲ့စည်းရေးတို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အမေရိကန်နိုင်ငံ Omni Advisors LLC မှ Chief Executive Officer Mr. Robert Anton Knutson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဌာနလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၈)လမ်း (အထက်လမ်း)ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအောက်ရှိ စစ်ဆေးရေးဌာန၊ ကျန်းမာရေးဌာန၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသော မျိုးစေ့ထုတ်လုပ်ငန်းများနှင့် မျိုးစေ့အရောင်းဆိုင်လုပ်ငန်းများ ပုဂ္ဂလိကကဏ္ဍမှ ပေါ်ထွန်းရေးအတွက် တိုက်တွန်းချက်

၁။ တောင်သူလယ်သမားများ စိုက်ပျိုးကြသည့် အဓိကဆန်စပါးအပါအဝင် သီးနှံများဖြစ်ထွန်းအောင်မြင်ရေးနှင့် ဈေးကောင်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးရန်လိုအပ်ချက်မှာ အဓိကအသက်သွေးကြောသဖွယ် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

၂။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ၊ မျိုးစေ့အရောင်းဆိုင်များ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပေါ်ထွန်းလာရေးအတွက် အားပေးကူညီလျက်ရှိနေပါသည်။

၃။ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်လာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ အခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့် အရောင်းဆိုင်များ ကျယ်ပြန့်စွာ ပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံကြပါရန် တိုက်တွန်းဖိတ်ခေါ်အပ်ပါ သည်။

လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ၏ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့် သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မတ် ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအား နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းသိမ်းနှင့် နယူးဇီလန်နိုင်ငံ သံတမန်ဌာနအကြီးအကဲ Hon.Maurice Williamson တို့က အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံသို့ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်မစ္စတာဂျွန်ကီး လာရောက်လည်ပတ်ခဲ့သည့်ခရီးစဉ်နှင့် ယခု မိမိလာရောက်လည်ပတ်သည့် ခရီးစဉ်နှစ်ခုသည် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်မည့် ခရီးစဉ်များပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံကို BURMA အစား တရားဝင်အမည်ဖြစ်သည့် MYANMAR ဟု ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံပြည်သူများနှင့်မိမိတို့အစိုးရက အထူးကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအစိုးရအချင်းချင်း ဆက်ဆံရေးသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်းဆက်ဆံရေးကိုပါ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား နယူးဇီလန်ဘုရင်ခံချုပ်က အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာယန်ဟို့လန်အား ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာယန်ဟို့လန်အားခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာယန်ဟို့လန်သည် ၁၉၅၆ ခုနှစ် မေလတွင်မွေးဖွားခဲ့ပြီး မဟာဘွဲ့ရရှိထားသူတစ်ဦး ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တန်ဇန်နီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံအခြေစိုက် တရုတ်သံရုံးများတွင် ရာထူးအသီးသီးဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ ၂၀၁၁ခုနှစ်မှစ၍ နီပေါနိုင်ငံတွင် အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာယန်ဟို့လန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ယောက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့နှင့် ဆဋ္ဌမနေ့တို့ ကျင်းပ

နေပြည်တော် မတ် ၁၄

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့နှင့် ဆဋ္ဌမနေ့တို့ကို မတ် ၁၁ ရက်နှင့် ၁၂ ရက် နံနက်ပိုင်းတို့တွင် တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဆွေးနွေးဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး လောင် လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ အသွင်သစ်၊ အမြင်သစ်ဖြင့် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၄

ပြည်သူ့အတွက် မြန်မာ့အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွတ်လပ်ရေးမရမီကာလကပင် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည့် မြန်မာ့အသံသည် နှစ်ပေါင်း(၆၇)နှစ်ကျော်လွန်ပြီးနောက် “မြန်မာ့အသံနှင့်ရုပ်မြင်သံကြား” အဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရောက်ရှိခြင်းနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်း အသွင်သစ်၊ အမြင်သစ်ဖြင့် ပြည်သူ့အသံကို ဖော်ထုတ်ပြီး အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုလုပ်ငန်း (Public Service Broadcasting)အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါကြောင်း။

လာမည့် ဧပြီ ၁ ရက်(တနင်္လာနေ့)မှစတင်ပြီး (ရေဒီယိုလိုင်းများဖြစ်သည့် နေပြည်တော်မြန်မာ့အသံနှင့် ပိတောက်မြေ Radio တို့ကို) ပူးပေါင်းကာ ပြည်သူ့အတွက် မြန်မာ့အသံအဖြစ် လှိုင်းလတ်(MW)၊ 711 KHz ဖြင့် တစ်နေ့လျှင် နေ့စဉ်နံနက် ၅ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ ၁၈ နာရီ ထုတ်လွှင့်မည်ဖြစ်ပါကြောင်း၊ အလားတူ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို နံနက် ၆ နာရီမှ ည ၁၁ နာရီထုတ်လွှင့်ချိန်အထိ နေ့စဉ် ၁၇ နာရီထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း၊ ပရိသတ်မျိုးစုံအတွက် ယုံကြည်စိတ်ချရသည့် သတင်းအဖြာဖြာနှင့်အတူ ဗဟုသုတဖြစ်ဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် အနုပညာရသအစုံစုံပါဝင်သည့် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များစွာကို ကြိုးစားတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မြန်မာနိုင်ငံ မြို့ပြလေကြောင်းကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် လုပ်ငန်းတာဝန်နှင့် Annexes (၁၈)ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် ဖြတ်ကျော်ပျံသန်းလျက်ရှိသော နိုင်ငံတကာလေကြောင်းလိုင်းများ၊ လေကြောင်းထိန်းသိမ်းရေး ကြီးကြပ်မှုအတွက် အသုံးပြုသည့်နည်းစနစ်များ၊ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းတက်နေသော နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ခရီးသည်သယ်ဆောင်မှု၊ ပြည်တွင်းလေကြောင်း ပို့ဆောင်ရေး၊ နိုင်ငံတော်ပိုင်၊ နိုင်ငံသားပိုင်နှင့် ဖက်စပ်လေကြောင်းလိုင်းများ၊ အနာဂတ် မျှော်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်၊ မန္တလေးနှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို မြှင့်တင်လုပ်ဆောင်သွားရန် လိုအပ်သလို နေပြည်တော် လေဆိပ်ကို အခြေပြု၍လည်း ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ တိုးတက်စည်ကားလာစေရန်၊ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန် ဦးစားပေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ လိုအပ်ချက်များရှိပါက နိုင်ငံတော်အနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နေ့စဉ် ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်း၊ လေယာဉ် ၂၉ စီးနှင့် နိုင်ငံတကာလေကြောင်းလိုင်း ၂၂ လိုင်းမှ လေယာဉ်များနှင့် စင်းလုံးငှားလေယာဉ်များ ပျံသန်းဆင်းတက်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ပြည်တွင်းခရီးသည် တစ်သန်းကျော်နှင့် ပြည်ပခရီးသည် နှစ်သန်းခန့် ခရီးသည်စုစုပေါင်း သုံးသန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ကုန်သည် / စက်မှုအသင်းချုပ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာနှင့်သတင်းအချက်အလက်များ ရရှိစေရေးတို့အတွက် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများကို ကြီးမှူးကျင်းပလျက်ရှိရာ မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ၊ Stephen M. Ross School of Business University of Michigan (U.S.A) မှ Dr. Linda Yuen-Ching Lim (Professor of Strategy) က "Western & Asia Business Models; Which is more Competitive?" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉) ရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ



COLUMBUS HOLIDAYS
ပျော်ပျော်ပါးပါးသင်္ကြန်အထူးခရီးစဉ်များ
ဂမ်နမ်တို့ ရဲ့ခရီးစဉ်
ကိုရီးယား(ဆိုးလ်-ဂျေဂျူး) US$ 2000
ညဉ့်/ရက် (၆ ပြီ ၁၄)
US$ 1580
US$ 1380
US$ 980
Discount ပေးပါမည်။
Columbus TRAVELS & TOURS
229245, 378535, 0943052593
columbusholidays586@gmail.com

အမှတ်စဉ် (G/48) ယနေ့ထွက်ပြီ
Ph-01-397164, 297297
မှခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့

ဈေးဝယ်မထွက်ခင်ကြိုပြင်ဖို့ 7 DAY SHOPPING GUIDE ကိုဖတ်ကြစို့
7 Day Shopping Guide
SAVE MONEY
marketing@7dayshoppingguide.com

❐ ကျောဖုံးမှ

ယင်းနောက် (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပရာ လာအိုဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ၌ ACMECS အဖွဲ့၏ ပထမဆုံးထိပ်သီးအစည်းအဝေးဖြစ်သော ပုဂံမြို့၌ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးကချမှတ်ခဲ့သော ပုဂံကြေညာစာတမ်းနှင့် အခြားထိပ်သီးအစည်းအဝေးများမှချမှတ်ခဲ့သည့် ကြေညာစာတမ်းများပါ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်မှုများကို အားသစ်လောင်းရန် မိမိတို့ ဤနေ့ ဤနေရာတွင် ဆုံကြခြင်းဖြစ်ပါကြောင်း။

လုပ်ငန်းတာဝန်များ များပြားကြသည့်ကြားမှ ယခုလိုဆုံတွေ့နိုင်ခြင်းဖြင့် လုပ်ငန်းစဉ်တွေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ပိုမိုတွန်းအားပေးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယနေ့အစည်းအဝေးသည် ပြီးခဲ့သော ထိပ်သီးအစည်းအဝေးက အတည်ပြုခဲ့သည့် လုပ်ငန်းအစီအစဉ်များအပေါ် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်လေ့လာ သုံးသပ်သွားမည်ဖြစ်ပြီး အောင်မြင်မှုများအပေါ် မျှဝေခံစားသွားကြမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့်တင်ကာ ဆက်လက်ဆောင်ရွက်သွားရေး ညှိနှိုင်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ACMECS နိုင်ငံများအကြား ကဏ္ဍ(၈)ရပ်ဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးမှ တိုးတက်မှုများရရှိနေသည်ကို တွေ့မြင်ရပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများအကြား လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်သည်နှင့်အမျှ အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှုကိုသာမက ဒေသတစ်ခုလုံးနှင့် ကမ္ဘာကြီးတစ်ခုလုံး တိုးတက်လာရေးကိုပါ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့ ACMECS (၅) နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ ACMECS နိုင်ငံများ၏ အောင်မြင်မှုများသည် အာဆီယံပေါင်းစည်းရေးအစီအစဉ်(IAP)၏ ရည်မှန်းချက်များနှင့်အညီ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေးကိုလည်း မလွဲမသွေ အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အာဆီယံအသိုင်းအဝိုင်းထူထောင်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ အာဆီယံနိုင်ငံများအကြား ကွာဟမှု လျှော့ချနိုင်ရန်အတွက် အာဆီယံနိုင်ငံများအတွင်း မိမိတို့ ဖွံ့ဖြိုးမှုနောက်ကျနေဆဲနိုင်ငံများအနေဖြင့်လည်း နှစ်ဆတိုး လုပ်ဆောင်သွားရန် လိုပါကြောင်း။

မြန်မာနိုင်ငံသည်လည်း ACMECS ၏ ရည်မှန်းချက်များနှင့်အညီ ACMECS ၏ လုပ်ငန်းစီမံချက်များ အပြည့်အဝအောင်မြင်စေရေးအတွက် ACMECS နိုင်ငံအားလုံးနှင့်အတူတကွ တက်ညီလက်ညီပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

ယနေ့ ထိပ်သီးအစည်းအဝေးကြီးသည် မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည် ဖြစ်ပါကြောင်း၊ ထိုချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မိမိတို့အဖွဲ့ကြီး၏ ရည်မှန်းချက်များကို အောင်မြင်စွာဖော်ဆောင်ပေးပြီး မိမိတို့အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိလာအောင် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါ

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၀) နှစ်၊ သိက္ခာတော် (၆၀) ဝါသည် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၂ ရက် (မတ် ၁၃ ရက်) ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီ ၃၈ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (မတ် ၂၈ ရက်) ကြာသပတေးနေ့တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး (၃)တိုက်တို့၏ အဓိပတိ မဟာနာယကဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အင်တိုင်းရွာ၊ အဘ ဦးဘဝင်း-အမိ ဒေါ်နှင်းဦးတို့မှ ၁၂၉၅ ခု၊ ဝါဆိုလဆုတ် (၁၃)ရက်၊ ၁၉၃၃ ခု၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် ဖွားမြင်တော်မူသည်။

၁၃၁၅ ခုနှစ်၊ ဝါဆိုလတွင် မုံရွာမြို့၊ သန်းစတိုးပိုင်ရှင် ဦးစော- ဒေါ်မြိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာစည်ကျောင်းဆရာတော် ဦးကိတ္တိမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

အင်တိုင်းရွာတောင်ကျောင်း၊ မုံရွာမြို့၊ လေသာတိုက်၊ ဇောတိကာရာမကျောင်းတိုက်၊ မန္တလေးမြို့၊ တောင်သမန်တိုက်၊ မစိုးရိမ်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများ သင်ယူတော်မူသည်။

၁၃၁၉ ခုနှစ် အစိုးရစာချတန်းနှင့် ၁၃၂၄ ခုနှစ် သကျသီဟစာချတန်းတို့ကို အောင်မြင်တော်မူသည်။ သကျသီဟစာချတန်း အောင်မြင်သည်မှစ၍ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ဓမ္မနယူပဒေသကျောင်း၌ ကျောင်းထိုင်နာယက စာချဖြစ်တော်မူသည်။

၁၃၂၉ ခုနှစ်မှစ၍ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်သို့ ပြောင်းရွှေ့၍ စာပေပို့ချတော်မူသည်။

၁၃၆၅ ခုနှစ် တန်ခူးလကွယ်နေ့၌ အဂ္ဂါဘိဓဇဆရာတော် ဦးသိရန္ဒာဘိဝံသပျံလွန်တော်မူသည့်နောက် မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိ မဟာနာယကဆရာတော် ဖြစ်တော်မူသည်။

၁၃၅၉ ခုနှစ်၌ ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်၊ ၁၃၆၇ ခုနှစ်၌ ဒေးဝန်းဦးပေစိ မစိုးရိမ်တိုက်သစ်တို့ကို တည်ထောင်တော်မူသည်။

ငယ်၊ လတ်၊ ကြီး သကျသီဟစာသင်တန်းဆိုင်ရာ ကျမ်းစာများနှင့် စာချတန်းဆိုင်ရာ အဋ္ဌကထာကျမ်းကြီး သုံးကျမ်းအနက် ပါရာဇိကဏ် အဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ ကျမ်းကြီးများကို အစအဆုံးပလ္လင်ပေါက် ပို့ချပြီး သီလက္ခန်အဋ္ဌကထာကျမ်းကြီးကိုကား ယခုတိုင်ပို့ချတော်မူဆဲဖြစ်သည်။

ပြည်ကြီးတံခွန် မစိုးရိမ်တိုက်သစ်သို့လည်း စာသင်တိုက် တည်ထောင်သည်မှစပြီး နေ့စဉ်သွားရောက်၍ စာဝါပို့ချတော်မူသည်။

တိပိဋက ပါဠိမြန်မာအဘိဓာန်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဦးသူရိယာဘိဝံသ၏ ထေရုပ္ပတ္တိ၊ မစိုးရိမ်တိုက် ရာပြည့်အထိမ်းအမှတ် မစိုးရိမ်သမိုင်းနှင့် သာသနာဝင်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊အင်္ဂလန်၊ အီတလီ၊ပြင်သစ်၊အမေရိကန်နိုင်ငံ ဒေသန္တရခရီးစဉ်အတွေ့အကြုံများပါဝင်သည့် ပြည်ပခရီးသွားမှတ်တမ်းစာအုပ်များကို ရေးသားတော်မူခဲ့သည်။

ဩဝါဒပေးရာ တရားဟောရာများဝယ် လောကီ၊ လောကုတ္တရာ စာပေအမျိုးမျိုးတို့ဖြင့် ထိထိမိမိ အံဝင်ခွင်ကျ ဟောပြောတော်မူသည်။ လောကီရေး၊ သာသနာရေးဆိုင်ရာ လောက၊ ဓမ္မပြဿနာ အရပ်ရပ်တို့ကို ဦးဆောင်ဖြေရှင်းပေးတော်မူသည်။

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး သုံးတိုက်ရှိ သံဃာတော် ၄၀၀၀ ခန့်တို့ကို အုပ်ချုပ်ကာ သာသနာပြုတော်မူခဲ့သည်။

သတင်းအချက်အလက်များ ပိုမို ဖြန့်ဝေနိုင်ရေး အာဆီယံစီးပွားရေးကွန်ရက်ထူထောင်ရန် ကိစ္စများ ဆွေးနွေး

နေပြည်တော် မတ် ၁၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောဆွေးနွေးပွဲ၊ (၁၂)ကြိမ် မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂကုန်သွယ်ရေး ကော်မရှင်နာတို့၏ ညှိနှိုင်းအစည်းအဝေးနှင့် အာဆီယံ-ဥရောပသမဂ္ဂစီးပွားရေး ဖိုရမ် (ASEAN- EU Business Forum) တို့သို့ တက်ရောက်ခဲ့ သည်။(ယာပုံ)

(၁၉)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘောဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများ၏ စီးပွားရေးပိုမိုခိုင်မာစေရန်နှင့်အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို အထောက်အကူပြုစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်၊ အာဆီယံလူငယ်များ၏ စွန့်ဦးတီထွင်မှုများ ဖြစ်ထွန်းစေရေးအတွက် လူငယ်များအားဆုများပေးအပ်ရေး ဆောင်ရွက်သွားရန်၊ အာဆီယံနိုင်ငံများအကြား ပုဂ္ဂလိက ကဏ္ဍပါဝင်မှု ပိုမိုတိုးတက်စေရန်အတွက် သတင်းအချက်အလက်များ ပိုမို ဖြန့်ဝေနိုင်ရေး အာဆီယံစီးပွားရေးကွန်ရက်ထူထောင်ရန်ကိစ္စများဆွေးနွေးကြရာ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေသည့် အခြေအနေ များ၊ အကောက်ခွန်မဟုတ်သော ကုန်သွယ်မှု အစီအမံများနှင့်စပ်လျဉ်း၍ အာဆီယံဒေသတွင်း မြန်မာနိုင်ငံ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများ၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် အပြီးချုပ်ဆိုရန်နှင့် နယ်ပယ်အလိုက် ချုပ်ဆိုရန် ကျန်ရှိသည့် သဘောတူစာချုပ်များ ဆောလျင်စွာချုပ်ဆိုနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသသို့ ဟောင်ကောင် အနေဖြင့် ပါဝင်ဝင်ရောက်လိုကြောင်း၊ အကောက်ခွန်မဟုတ်သော အစီအမံများဖြစ်သည့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ စီမံဆောင်ရွက်မှုများအားလုံး အာဆီယံနိုင်ငံများတွင် တစ်ပြေးညီဖြစ်စေရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ အာဆီယံကုန်စည်များ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အာဆီယံ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီရန်နှင့် အရည်အသွေးတိုးတက်ကောင်းမွန်ရေး လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ သည် မတ် ၈ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော (၁၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဥရောပသမဂ္ဂ (EU) ကုန်သွယ်ရေး ကော်မရှင်နာတို့၏ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေး၌ အာဆီယံနိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်အထူးသဖြင့် ကုန်သွယ်ရေးညှိနှိုင်းမှုဆိုင်ရာနယ်ပယ်များတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ဥရောပသမဂ္ဂအနေဖြင့် နည်းပညာနှင့် ငွေကြေးကူညီထောက်ပံ့ပေးမှုများ၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အစီအစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် နည်းဥပဒေများ ထုတ်ပြန်ပြီးစီးမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲမှုများကြောင့် အာဆီယံ-အီးယူ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာပြီး လွတ်လပ်သော ကုန်သွယ်မှုဒေသကို **region to region approach** ဖြင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများအား ပါဝင်ဆွေးနွေးခဲ့ကြပြီး အာဆီယံစီးပွားရေး ပေါင်းစည်းမှုအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့် ဆောင်ရွက်မှုများကို ဥရောပသမဂ္ဂအနေဖြင့် ကူညီပံ့ပိုးမှုများ ပေးအပ်ရန် သဘောတူညီခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ဟနွိုင်းမြို့ Intercontinental Hotel ၌ ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့သည် မတ် ၉ ရက် နံနက်ပိုင်းက ဟနွိုင်းမြို့ Melia Hotel ၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ-အီးယူ စီးပွားရေးဖိုရမ် (ASEAN-EU Business Forum) သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ဟနွိုင်းမြို့သို့ရောက်ရှိနေစဉ်ကာလအတွင်း ဥရောပသမဂ္ဂ ကုန်သွယ်ရေးကော်မရှင်နာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် သီးခြားတွေ့ဆုံပြီး ဥရောပသမဂ္ဂအနေဖြင့် မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်အခွင့်အလမ်းများကို ဆွေးနွေး ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Asian Diary Travels & Tours Co.,Ltd.

March 23 - 125000/-
3Stars Hotel
March 25,29 - 65000/-
April 11 - 70000/-

Ph : 01-394711, 09-73069568, 09-5120546, 09-5404532, 09-2201196

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် မတ် ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Champasak Room ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကဏ္ဍများ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အားပေးတိုက်တွန်းသွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ဒေသတစ်ခုလုံးက စိတ်ဝင်တစားစောင့်ကြည့်လေ့လာလျက်ရှိရာ နှစ်နိုင်ငံ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ယခုထက် ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၁၄

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ

တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် ညနေ ၅ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်း၊ မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်း၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးနှင့် နေထိုင်စားသောက်မှုကိစ္စရပ်များကို မေးမြန်းပြီး နိုင်ငံတော်အနေဖြင့် စနစ်သစ်သို့ကူးပြောင်းကာ နိုင်ငံတကာအဆင့်သို့ သွားနေခြင်းဖြစ်၍ မိမိတို့နိုင်ငံနောက်ကျမကျန်စေရေးအတွက် လေ့လာကြိုးပမ်းသင်ယူသွားကြရန် မှာကြားသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီး၊ စစ်သံမှူးနှင့် မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများက ဗီယင်ကျန်းမြို့ရှိ Mercure ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် အေဆမ်ဗီလာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ၍ ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် လာအိုလေကြောင်းခရီးစဉ်ဖြင့်ထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗန်ကောက်လေဆိပ်မှ ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

သင်အလုပ်ရှာနေပါသလား . . . ?
The JOB opportunity Journal မှာ ရှာပါ
အပတ်စဉ် သောကြာနေ့တိုင်း
GSM Sim Card (2)ကတ် + Galaxy Mini Handset (2)လုံး
ရယူနိုင်မည့် အထူးကံစမ်းမဲအစီအစဉ်များဖြင့်
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း - ၀၉၇၃၂၀၁၂၀၈၊ ၀၉၇၃၂၅၅၅၄၂၊ ၀၁-၂၄၅၅၅၉၄။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပြည်ပသို့ ထွက်ခွာသူများအား စိစစ်သည့် အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ(ဂ)[ပတခ(ဝင)-၁၂]အား ဖြေလျှော့ပေး

နေပြည်တော် မတ် ၁၄

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ နိုင်ငံခြားသားများနှင့် နိုင်ငံသားခရီးသည်များ ပြည်တွင်းပြည်ပသို့ ဝင်ထွက်သွားလာမှု ပိုမိုများပြားလာသည်။ နိုင်ငံသားများ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ခရီးထွက်ခွာရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ (ဂ)[ပတခ(ဝင)-၁၂]အား ရယူရန်လိုအပ်ခဲ့သည်။

ယင်းသက်သေခံလက်မှတ် ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ပထွက်ခွာသူများအနေဖြင့် အချိန်ကြန့်ကြာမှု၊ ငွေကြေးကုန်ကျမှု စသော ဝန်ထုပ်ဝန်ပိုး အတားအဆီးများဖြစ်စေကြောင်း သုံးသပ်တွေ့ရှိရသည်။

ယခုအခါ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူဗဟိုပြုသော၊ ပြည်သူ့ဆန္ဒကို အလေးထားသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူလူထု၏ အခက်အခဲအတားအဆီးများကို ဖြေလျှော့ဆောင်ရွက်ပေးသည့်အနေဖြင့် ပြည်ပထွက်ခွာမည့်သူများအားလုံး (အခွန်ကြွေးကျန်ရှိသူများမှအပ)သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်ပုံစံ (ဂ)[ပတခ(ဝင)-၁၂]ထောက်ခံချက်အား မတ် ၁၅ ရက်မှစ၍ ရယူရန်မလိုအပ်တော့ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းကြီးကြပ်ကွပ်ကဲလျက်ရှိ

နေပြည်တော် မတ် ၁၄

ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါက ဒေသခံကြီးကြပ်ရေးအဖွဲ့များအား တာဝန်ပေး၍ဆောင်ရွက်ရန်နှင့် လက်ရှိဆောက်လက်စ ပညာရေး၊ ကျန်းမာရေး စသည့်ဝန်ကြီးဌာနများ၏ အဆောက်အအုံများအပေါ် ကြီးကြပ်ရန် သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများကို အချိန်မီ ညွှန်ကြားပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆောက်အအုံများပြင်ဆင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျကြီးကြပ် ကွပ်ကဲနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားရန် ညွှန်ကြားချက်များထုတ်ပြန်ခဲ့ပြီး ကော်မတီအဆင့်ဆင့်ဖွဲ့စည်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲလျက်ရှိပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျောင်းအဆင့် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းလျက် ဆောက်လုပ်မှုစံချိန်စံညွှန်းနှင့်ညီ/မညီ၊ သတ်မှတ်ပုံစံနှင့်ကိုက်ညီစွာ တည်ဆောက်မှုရှိ/မရှိ ကြီးကြပ်စေပါကြောင်း၊ မြို့နယ်အဆင့် ဆောက်လုပ်ရေးကော်မတီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးမှ အင်ဂျင်နီယာ သို့မဟုတ် ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ မြို့နယ်ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ်ကြီးတစ်ဦးနှင့် သက်ဆိုင်ရာကျောင်းမှ ကျောင်းအုပ်တို့ဖြင့်ပါဝင်ဖွဲ့စည်းပြီး အဆင့်လိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပြီးသည့်အခါတွင်လည်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာစာရင်းစစ်ရုံးများက ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးပြီး မျက်မြင်ကွာခြားချက်များကို ပြုပြင်ဆောင်ရွက်စေခြင်း၊ ဒေသဈေးနှုန်းနှင့်ကွဲလွဲပါက ပြန်လည်ပေးသွင်းစေခြင်းတို့ဖြင့် ခိုင်ခံ့ကောင်းမွန်သော၊ လုံခြုံစိတ်ချရသောကျောင်းအဆောက်အအုံများဖြစ်အောင် အဆင့်ဆင့်စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အလားတူ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က **လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးနှင့်လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများချမှတ်ထားခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ကြီးကြပ်မှုဖြင့် မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက တောင်သူလယ်သမားများအား ရွာစဉ်အလိုက်စုစည်းပြီး လှည့်လည်ကွင်းဆင်းဟောပြောခြင်း၊ နှိုးဆော်အသိပေးခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အမွေကြောင်းအရ ပေါ်ပေါက်လာနိုင်သည့်ကိစ္စများအပါအဝင် အငြင်းပွားမှုများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ကျန်ရှိနေပါကလည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်ညီညွတ်စွာ အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၇)ရက်မြောက်နေ့သို့ တက်ရောက်လာသော ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ပြင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **၂၀၁၂ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းဆုံးဖြတ်ခဲ့သည်။

မက်မန်းမဲဆန္ဒနယ်မှ **ဦးအိုက်ယွန်းမွန်း**က "အခုက တော့ လာမယ့်၂၀၁၄ခုနှစ်မှာပြုလုပ်မယ့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာ အဆင်ပြေချောမွေ့ဖို့အတွက် လိုအပ်တဲ့ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ ဆောင်ရွက်တာပဲဖြစ်ပါတယ်"ဟု ဥပဒေကြမ်းအပေါ် ၎င်း၏အမြင်ကိုပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့် ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းဆွေးနွေးစဉ်းစားရန် အစီရင်ခံစာတင်သွင်း

နေပြည်တော် မတ် ၁၄

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၆)ခုဖြင့် ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အစီရင်ခံစာ တင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ရှင်းလင်းဖတ်ကြားပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် **၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နှင့် ၁၃ ရက်နေ့များတွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်နိုင်သည့်ပျက်စီးမှုအလားအလာနှင့် ပြည်သူ့အသက်၊ အိုးအိမ်အတွက်**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာစိုးထွန်း။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ပျက်စီးဆုံးရှုံးမှုဖြစ်လာနိုင်မည့် အခြေအနေရှိ/မရှိ၊ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှင့် စစ်ကိုင်း/ ကျောက်ကြမ်း ပြတ်ရွေ့ကြောတစ်လျှောက်ရှိ တံတားကြီးများ ရေလှောင်တမံဘက်စုံ တမံကြီးများအား ပညာရှင်အဖွဲ့များနှင့် ဆောလျင်စွာ စစ်ဆေးတင်သွင်းနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့်က ဆွေးနွေးရာတွင် အင်ဂျင်နီယာ အဆောက်အအုံကြီးများအားလုံးသည် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်အပေါင်းမှ (၁၀၀)ရာခိုင်နှုန်း လုံခြုံစိတ်ချသည်ဟု မည်သည့်အဖွဲ့အစည်းကမျှ အာမခံချက်မပေးနိုင်ကြောင်း၊ သို့ရာတွင် ထည့်သွင်းစဉ်းစားရမည့် ဒီဇိုင်းဆိုင်ရာအချက်အလက်များကို အဘက်ဘက်မှ ဟာကွက်မရှိအောင် စဉ်းစားရန် လိုအပ်သည့်နည်းတူ လူသားတို့၏ ရိုးသားစွာလစ်ဟာမှု (သို့မဟုတ်) ဥပေက္ခာပြုမှုတို့ဖြင့် မဖြစ်သင့် မဖြစ်ထိုက်သော ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီဥက္ကဋ္ဌကလည်း လက်ရှိစီမံကိန်းများကို ငလျင်ဒဏ်ခံနိုင်အောင် မည်သို့တည်ဆောက်ထားသည် စစ်ဆေးရန် သင့်ကြောင်း ဆွေးနွေးထားသည်ကို သိရှိရပါကြောင်း၊ အရေးကြီးဆုံးမှာ မြန်မာနိုင်ငံအနေဖြင့် (Building Code)ပြဋ္ဌာန်းတည်ရှိနေရန် လိုအပ်ကြောင်း။

၂၀၁၂ ခုနှစ် နိုဝင်ဘာအတွင်း ရွှေဘိုမြို့(သပိတ်ကျင်းမြို့အနီး)တွင် လှုပ်ခတ်သွားခဲ့သော ငလျင်သည် ပြင်းအား Richter Scale RM6.8 ရှိပြီး အနီးဝန်းကျင်ရှိ ရေလွှဲဆည်ကြီးများ၊ ရေလှောင်တမံကြီးများ စသည်တို့၏ လုံခြုံမှုကို အန္တရာယ်ပေးနိုင်သော အဆင့်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် သက်တမ်းလွန်ရေလှောင်တမံနှင့် သက်တမ်းရင့်တမံများ၊ မြစ်ကူးတံတားကြီးများ၊ မြေပေါ်/မြေအောက် ဓာတ်အားပေးစက်ရုံကြီးများ၊ ဖိအားမြင့်ပိုက်လိုင်းများ စသည်တို့ အပါအဝင် သက်တမ်းလွန်/ သက်တမ်းရင့် အခြေခံအဆောက်အအုံများ သာမက

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဖွံ့ဖြိုးမှုအကြောင်းပြု၍ အမြန်တည်ဆောက်ပြီး/ တည်ဆောက်ဆဲ အထပ်မြင့်အဆောက်အအုံကြီးများကိုပါ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင် ပေါင်းစုံပါဝင်သည့်အဖွဲ့ဖြင့် အထူးကြပ်မတ်စစ်ဆေးသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က အဆိုကို ထောက်ခံပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များ၊ ပြင်ပမှပညာရှင်များ ပါဝင်သည့်အဖွဲ့အား ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုသည်။

အဆိုနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာစိုးထွန်းက "ကမ္ဘာတစ်ဝန်းလုံးမှာ သဘာဝဘေးအန္တရာယ်တွေ မကြာခဏဖြစ်နေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် စစ်ကိုင်းပြတ်ရွေ့ကြောဟာ မြောက်ဘက်ပူတာအိုကနေ ဘင်္ဂလားပင်လယ်အော်ထိ ရှိပါတယ်။ အဲဒီပြတ်ရွေ့ကြောကြီးက မြို့ကြီးအတော်များများကို ဖြတ်သွားပါတယ်။ မြန်မာနိုင်ငံမှာလည်း ငလျင်ကြီး (၁၇)ကြိမ် လှုပ်ပြီးပြီလို့ သိရပါတယ်။ ပြင်းအား ရစ်ချ်တာစကေး (၇/၈) အဆင့်ဆိုရင် ဘယ်အဆောက်အအုံမှ မခံနိုင်ပါဘူး။ ဒါပေမယ့် ထိခိုက်ဒဏ်ရာရရှိမှုတွေကတော့ သူများတိုင်းပြည်တွေနဲ့ ယှဉ်ကြည့်ရင် နည်းပါတယ်။ ဘာကြောင့်လဲဆိုတော့ အရင်က လူနေမှုသိပ်သည်းဆနည်းတယ်။ အဆင့်မြင့်အဆောက်အအုံတွေလည်း သိပ်မရှိဘူး၊ ဒါပေမယ့် ဒီနေ့လို တိုးတက်ဖွံ့ဖြိုးလာတဲ့ခေတ်မှာတော့ အဆင့်မြင့်အဆောက်အအုံတွေလည်း အတော်များလာပြီ၊ လမ်းတံတား၊ ဆည်တွေလည်း ရှိနေတယ်။ အဲဒီလိုနေရာတွေမှာ ငလျင်လှုပ်ရင် အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှုများပြားလာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အန္တရာယ်ရှိအဆောက်အအုံတွေကို ပြန်လည်စိစစ်ဖို့ လိုနေပါတယ်။ အချို့တိုက်တာအဆောက်အအုံတွေက သတ်မှတ်ချက်နဲ့ညီ/မညီ ဆိုတာမသိရဘူး။ ဆောက်တဲ့သူကတော့ ကိုက်ညီတယ်ပဲပြောမှာပဲ။ မဖြစ်ခင်တားမှ ပိုကောင်းမယ်။ ထိခိုက်ပျက်စီးမှုလျော့နည်းကျဆင်းဖို့ အဓိကကျပါတယ်။ တိုက်တာအဆောက်အအုံတွေမှာ နေထိုင်တဲ့ပြည်သူတွေ အေးအေးချမ်းချမ်း နေထိုင်သွားနိုင်တာပေါ့"ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ACMECS စီးပွားရေးကောင်စီ အစည်းအဝေးများ ပုံမှန်ပြုလုပ်ခြင်းဖြင့် ကောင်းမွန်သောစီးပွားရေးဝန်းကျင်ကို အထောက်အကူဖြစ်စေမည်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ် ဟိုတယ် Grand Ballroom ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး သဘာပတိ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် ယနေ့အစည်းအဝေးကြီးက ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော လုပ်ငန်းအစီအစဉ်များအပေါ် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်သွားမည်ဖြစ်ပြီး အောင်မြင်မှုများအပေါ် မျှဝေခံစားသွားကြမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြင့်တင်ကာ ဆက်လက်ဆောင်ရွက်သွားရေး ညှိနှိုင်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ACMECS နိုင်ငံများအကြား ကဏ္ဍ(၈) ရပ်ဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးမှ တိုးတက်မှုများ ရရှိနေသည်ကို တွေ့မြင်ရပါကြောင်း။

ACMECS အဖွဲ့ဝင်နိုင်ငံများအကြား ပို့ဆောင်ရေးပူးပေါင်းမှုကဏ္ဍတွင် ACMECS အဖွဲ့ဝင်နိုင်ငံ စီးပွားရေးစင်္ကြံများ၊ အထူးသဖြင့် တောင်-မြောက်စီးပွားရေးစင်္ကြံ၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံ၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးအောက်ရှိ တောင်ပိုင်းစီးပွားရေးစင်္ကြံ စသည်တို့ကို အကောင်းဆုံးအသုံးချနိုင်ရန်အတွက် အလေးအနက်ညှိနှိုင်းရန် သဘောတူပါကြောင်း။

အက်မက်စ်မှချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကပိုင်းကိုလည်း အားဖြည့်ပေးရန် လိုအပ်ပါကြောင်း၊ အလားတူ ပုဂ္ဂလိကပိုင်းကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊

ယခုဆိုရင် တတိယအကြိမ် ACMECS ထိပ်သီးအစည်းအဝေးက စတင်ပြီး ACMECS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူဖြစ်စေပါကြောင်း။

အလားတူ ACMECS စီးပွားရေးကောင်စီ အစည်းအဝေးများကို ပုံမှန်ပြုလုပ်ခြင်းဖြင့်လည်း ကောင်းမွန်သော စီးပွားရေးဝန်းကျင်ကို ဖန်တီးရာတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့၏ စီမံကိန်းများတွင် နည်းပညာနှင့်ငွေကြေးလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန်လည်း လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် ACMECS ၏ ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစီမံချက်များ အပြည့်အဝအောင်မြင်စေရေးအတွက် ACMECS နိုင်ငံအားလုံးနှင့် အတူတကွ တက်ညီလက်ညီပူးပေါင်းကာ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ် ဟိုတယ် Grand Ballroom ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

လာမည့် ဆဋ္ဌမအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၅)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးမဟာဗျူဟာ ထိပ်သီးအစည်းအဝေး၏ကြေညာချက်စာတမ်း၊ ရှေ့လုပ်ငန်းစဉ် ၂၀၁၃-၂၀၁၅ နှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာတို့ကို အတည်ပြုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အထိမ်းအမှတ်မိန့်ခွန်းပြောကြားရာတွင် လာမည့်(၆) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်တာဝန်ယူမည့် မြန်မာနိုင်ငံ၏ကိုယ်စား စကားပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် (၅) ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးတွင် ပြီးခဲ့သောထိပ်သီးအစည်းအဝေးအတွင်းက အတည်ပြုခဲ့သည့် ACMECS (၅)နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်နိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၅ လုပ်ငန်းအစီအစဉ်ကို အတည်ပြုနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရမည့် (၆)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများလည်း ACMECS စိတ်ဓာတ်ဖြင့် ပူးပေါင်းကူညီပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် အက်မက်စ် လုပ်ငန်းအစီအစဉ်(၂၀၁၃- ၂၀၁၅)ကို အတည်ပြုကြပြီး ပုဂံကြေညာစာတမ်းနှင့် အခြားအက်မက်စ်ထိပ်သီးအစည်းအဝေး ကြေညာချက်အားလုံးတွင် ချမှတ်ထားသည့် အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိသည့် အိမ်နီးချင်းကောင်းပီသမှု၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဦးတည်ချက်နှင့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် ကတိကဝတ်ကို ထပ်မံဖော်ထုတ်ခဲ့ကြသည်။

အလားတူ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ဆိုင်ရာ ဖနောင်ပင်ကြေညာချက်နှင့် အက်မက်စ်လုပ်ငန်းအစီအစဉ်(၂၀၁၀-၂၀၁၂) ကို ပြန်လည်သုံးသပ်ကြပြီး ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အဆင်ပြေရေး၊ လယ်ယာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကောင်အထည်ဖော်မှုအခြေအနေကိုလည်း ကျေနပ်အသိအမှတ်ပြုခဲ့ကြသည်။

ထို့ပြင် အက်မက်စ်နိုင်ငံများနှင့် ပြည်သူများအကျိုးအတွက် ပိုမိုထိရောက်မှုရှိစွာ ဆောင်ရွက်နိုင်သည့် အက်မက်စ်ဖြစ်လာစေရန် တစ်နိုင်ငံချင်း၊ နှစ်နိုင်ငံနှင့် နိုင်ငံများစုပေါင်းကြိုးပမ်းမှုကို နှစ်ဆတိုးမြှင့်ရန် လိုအပ်သည်ကိုလည်း သဘောတူညီခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တရုတ်နိုင်ငံ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဆက်ဆံရေးအဆင့်ကို မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ ဘဝအေးချမ်းတည်ငြိမ်စွာဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးအောင်ထွန်း၊ ဦးသိန်းဝင်း၊ ပါမောက္ခဒေါက်တာမြဦး၊ ဒေါက်တာမြင့်ကြည်၊ ဦးအောင်ငြိမ်းနှင့် ဗိုလ်မှူးကြီးမောင်မောင်ထူး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အထူးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဒုတိယနေ့ ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၁၄

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၁၃ ရက်တွင် စတင်ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၂၇၈ ခု၊ နိုင်ငံခြားစာစစ်ဌာန ၁၈ ခု စုစုပေါင်း စာစစ်ဌာန ၁၂၉၆ ခုတို့၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈၇၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယနေ့ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာကို ဆက်လက်ဖြေဆိုကြရာ ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာန ၂၃၃ ခုတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၃၄၂၅ ဦး ဖြေဆိုကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၃-၂၀၁၃ (သောကြာနေ့)

၇း၀၃	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၄း၂၀	မဟာဂီတချိုကြည်မြ
၄း၂၇	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၀	ရွှင်မြူးဟစ်ကြွေး ကဗျာတေး
၆း၂၅	“ရွာ”ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၉၀) ဒါရိုက်တာ-မိုးဇော်ကို
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၄)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -သံစဉ်များနှင့် ကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင် ပေါင်ချိန်” (အပိုင်း-၁၉) -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဂုဏ်ရည်မတူ” (အပိုင်း-၇၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၃-၂၀၁၃ (သောကြာနေ့)

၅း၄၀	“သစ္စာသိမှ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်မည်”တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၄၅	Street Foods of BANGKOK
၁၀း၄၅	ချစ်စဖွယ်ကလေးငယ်များ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ
၁၀း၅၅	Food & De'cor
၂း၅၀	အမှတ်တရဥယျာဉ်
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းမရှိလို့မဖြစ်” (အပိုင်း-၅)
၇း၁၀	(အချစ်ရိပ်အောက်ဝယ်) Soe Thu MTV Documentary
၈း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လေညင်းလေးရဲ့ပျော်ရွှင်မှု” (အပိုင်း-၄၉)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်ခြင်းမှပေးစွမ်းသော” (အပိုင်း-၃)



ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

အခြေအနေအရပ်ရပ်ကြေ

နေပြည်တော် မတ် ၁၄

စွမ်းအင်ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့်
ကလေး စောင့်ရှောက်ရေးအသင်းက သပိတ်ကျင်းမြေ
ဒဏ်သင့်ပြည်သူများ၊ ကချင်ပြည်နယ်အတွင်း ပြောင်း
သည့် ပြည်သူများနှင့် ရခိုင်ပြည်နယ်ရှိ ဒုက္ခရောက် ပြည်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၃-၂၀၁၃ (သောကြာနေ့)

- ၇း၀၃ တရားတော်
- ၇း၁၅ ဓမ္မပူဇာတေး
- ၄း၂၀ မဟာဂီတချိုကြည်မြ
- ၄း၂၇ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ ရွှင်မြူးဟစ်ကြွေး ကဗျာတေး
- ၆း၂၅ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၉၀) ဒါရိုက်တာ-မိုးဇော်ကို
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -သံစဉ်များနှင့် ကမ္ဘာ
  - -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် ပေါင်ချိန်" (အပိုင်း-၁၉)
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ" (အပိုင်း-၇၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၃-၂၀၁၃ (သောကြာနေ့)

- ၅း၄၀ "သစ္စာသိမှ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်မည်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၈း၄၅ Street Foods of BANGKOK
- ၁၀း၄၅ ချစ်စဖွယ်ကလေးငယ်များ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ
- ၁၀း၅၅ Food & De'cor
- ၂း၅၀ အမှတ်တရဥယျာဉ်
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၅)
- ၇း၁၀ (အချစ်ရိပ်အောက်ဝယ်) Soe Thu MTV Documentary
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၄၉)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၃)

ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှု၌ အခက်အခဲဆုံးအရာမှာ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မတ် ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Convention Hall ၌ကျင်းပသည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ လာအိုနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ အက်မက်စ်စီးပွားရေးကောင်စီသဘာပတိ Mr.Kissana Vongsay က အက်မက်စ်စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေး၏ သဘောထားကြေညာချက်နှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် ACMECS စက်မှုလုပ်ငန်းရှင်များအသင်းကြီး၏ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်တင်ပြသော အချက်(၇)ချက်အားလုံးကို မြန်မာနိုင်ငံမှ ထောက်ခံပါကြောင်း ပြောကြားလိုပါသည်။

ယခုကဲ့သို့ အခွင့်ကြုံခိုက် မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အလမ်းများကို အားလုံးသိရှိကြသည့်အတိုင်း ပြီးခဲ့သော နှစ်နှစ်အတွင်း မြန်မာနိုင်ငံအစိုးရသည် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ကမ္ဘာ့နိုင်ငံများအားလုံး စောင့်ကြည့်နေသည့်အောက်မှ တည်ငြိမ်အေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အခြားနိုင်ငံများနည်းတူ ၂၀ ရာစုနှစ်တွင် မြန်မာနိုင်ငံပြည်သူများသည်လည်း တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကို လိုလားကြပါကြောင်း၊ ယင်းမျှော်လင့်ချက်များသည် မိမိတို့၏ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှုမှတစ်ဆင့် ရရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရေးအတွက် လိုအပ်သော ဥပဒေများပြုပြင်ပြောင်းလဲပေးခြင်းဖြင့် နိုင်ငံရေးဖော်ဆောင်မှုတွင် နိုင်ငံရေးပါတီများအားလုံး ပါဝင်လာနိုင်ပြီး လွှတ်တော်အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းသားပေါင်းများစွာကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ မီဒီယာကန့်သတ်မှုကို လျှော့ပေးခဲ့ခြင်း၊ လွတ်လပ်စွာ ပြောဆိုနိုင်မှုရှိလာသည့်အပြင် သမဂ္ဂများလည်း တည်ထောင်ခွင့်ပြုခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ထာဝရငြိမ်းချမ်းရေးရရှိရန် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများပြုလုပ်ခဲ့ပြီး ယခုအခါ တည်ငြိမ်အေးချမ်းမှုကို ခံစားနိုင်ကြပြီဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်မှု၌ အခက်အခဲဆုံးအရာမှာ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း၊ လူဦးရေ သန်းပေါင်း ၆၀ ခန့်ရှိသော မြန်မာနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကမ်းလွန်နှင့်ကုန်းတွင်းထွက်ပစ္စည်း၊ ကျောက်သံပတ္တမြား၊ ရွှေနှင့်ငွေ၊ ကျောက်မီးသွေးနှင့် ကျောက်စိမ်းများအပါအဝင် သဘာဝအရင်းအမြစ်လွန်စွာကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်ပါကြောင်း။

ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် လူဦးရေများပြားသော အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံအကြားတွင် တည်ရှိပါကြောင်း၊ ACMECS ၏ အရှေ့အနောက်စီးပွားရေးစင်္ကြံနှင့် တောင်-မြောက်စီးပွားရေးစင်္ကြံတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ACMES အဖွဲ့ဝင်နိုင်ငံများသာမက အာဆီယံအဖွဲ့ဝင်နိုင်ငံများပါ အိန္ဒိယနှင့် တရုတ်ဈေးကွက်ထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုရေးသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ယန္တရားအဖြစ် တည်ရှိရာ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် စီးပွားရေးနိုင်ငံများအတွက် ကုန်သွယ်မှုလွတ်လပ်ခြင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူစေခြင်း၊ ကုန်သွယ်မှုဆိုင်ရာပြပွဲများအားပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာပညာရပ်များဆိုင်ရာများကို ဖော်ဆောင်ပေးခြင်းဖြင့် မြန်မာနိုင်ငံသည် ACMECS၊ အာဆီယံနှင့် အခြားသော မိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ခရီးသွားလာရေးလုပ်ငန်းအတွက် အင်မတန်သာယာလှပသော နေရာများရှိပါကြောင်း၊ ရွှေရောင်တောက်ပလျက်ရှိသည့် စေတီပုထိုးကျောင်းကန်များသည် နိုင်ငံတစ်ဝန်းရှိပါကြောင်း၊ စွန့်စားသွားလာမှုကို နှစ်သက်သော ကမ္ဘာလှည့်ခရီးသွားများအတွက် ကျေးငှက်တိရစ္ဆာန်မျိုးစုံ၊ သဘာဝအလှနှင့် ပြည့်နှက်လျက်ရှိသော သစ်တောများရှိပါကြောင်း၊ တောင်တက်ဝါသနာရှင်များအတွက် တောင်ထိပ်တွင် ဆီးနှင်းဖုံးနေသော ခါကာဘိုရာဇီတောင်သည် အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ဆီးနှင်းတောင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှာ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါဒေသတို့တွင် အထူးစီးပွားရေးဇုန်နှင့်အတူ ပင်လယ်ရေနက်ဆိပ်ကမ်းများ တည်ထောင်လျက်ရှိပါကြောင်း၊ ထားဝယ်ပင်လယ်ရေနက်ဆိပ်ကမ်းသည် ဗန်ကောက်မြို့မှ မိုင် ၁၈၀ သာကွာဝေးသည့်အတွက် မလက္ကာရေလက်ကြားကို ဖြတ်သန်းသွားရမည့် မိုင် ၁၄၀၀ သက်သာစေမည်ဖြစ်ပါကြောင်း။

ကျောက်ဖြူပင်လယ်ရေနက်ဆိပ်ကမ်းသည် ကုန်ပစ္စည်းများအတွက် transit trade center အဖြစ် တည်ရှိမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းအထိ ပေးပို့နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြမည့်သူများသည် ထိုအားသာချက်များကို အကျိုးခံစားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Convention Hall ၌ ကျင်းပသည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထို့သို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ (ဝဲပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားကျင်းပခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၄

ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ခြင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပဆောင်ရွက်ခဲ့ခြင်းမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လာမည့်ဒီဇင်ဘာလတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မတ် ၁၄

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ဂျာမနီနိုင်ငံ ဘာလင်မြို့ အခြေစိုက် Elbarlament အဖွဲ့မှ Dr. Dieter Wlokewitz ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထို့သို့တွေ့ဆုံရာတွင် လွှတ်တော်၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေအနေအရပ်ရပ်ကြောင့် ဒုက္ခရောက်သည့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၁၄

စွမ်းအင်ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက သပိတ်ကျင်းမြေလျှင် ဒဏ်သင့်ပြည်သူများ၊ ကချင်ပြည်နယ်အတွင်း ပြောင်းရွှေ့နေရသည့် ပြည်သူများနှင့် ရခိုင်ပြည်နယ်ရှိ ဒုက္ခရောက် ပြည်သူများအတွက် အလှူငွေစုစုပေါင်းငွေကျပ် သိန်းခုနစ်ဆယ်သုံးသောင်းရှစ်ထောင်ခြောက်ရာငါးဆယ်နှင့် ငွေကျပ်ရှစ်သိန်းနှစ်သောင်း ငါးထောင်တန်ဖိုးရှိ အဝတ်အထည်မျိုးစုံတို့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရေဆင်းသစ်တောတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ရေဆင်းသစ်တောတက္ကသိုလ်ဝင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် အဓိကကျသည့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာတတ်လူငယ်များမွေးထုတ်နိုင်ရန် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေလုံးငွေရင်းသုံးစွဲငွေများ နှစ်စဉ်တိုးမြှင့်ခွင့်ပြုခဲ့ရာ ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း သစ်တောတက္ကသိုလ်၌ နှစ်ထပ်စာသင်ဆောင် Theatre တစ်လုံး၊ ဆရာ ဆရာမများ အိမ်ရာခြောက်ခန်းတွဲတစ်လုံးနှင့် နှစ်ခန်းတွဲသုံးလုံးတို့အား အပြီးတည်ဆောက်သွားမည်ဖြစ်ကာ ယခင်ဘဏ္ဍာနှစ်များကလည်း နှစ်ထပ်စာသင်ဆောင်တစ်လုံးနှင့် ဘက်စုံသုံးအစည်းအဝေးခန်းမတစ်ခုတို့အား ဆောက်လုပ်ပေးခဲ့သည်။

ဒုတိယဝန်ကြီးက နှစ်ထပ်စာသင်ဆောင် Theatre အား ဘက်စုံသုံးခန်းမအဖြစ် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်ပစ္စည်းများတပ်ဆင်ရန်၊ အဆင့်မြင့်သင်ကြားရေးနှင့် ဘက်စုံအသုံးပြုရေးဆိုင်ရာ e-learning နှင့် e-education အထောက်အကူပြုပစ္စည်းများ တပ်ဆင်အသုံးပြုရန်၊ မြေယာရှုခင်းလုပ်ငန်းများအား အဆောက်အအုံနှင့် လိုက်ဖက်လှပစိမ်းလန်းစိုပြည်စေရန်အတွက် စနစ်တကျဒီဇိုင်းရေးဆွဲဆောင်ရွက်ရန်၊ နှစ်ထပ်စာသင်ဆောင်အနောက်ဘက် မြေကာနံရံ တည်ဆောက်ရန်၊ စာသင်ဆောင်အတွင်း ထည့်သွင်းအသုံးပြုမည့် ပရိဘောဂပစ္စည်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ အဆောက်အအုံများ ခိုင်ခံ့၍ ရေရှည်အသုံးပြုနိုင်ရေးအတွက် အရည်အသွေးအပိုင်းကို စနစ်တကျ အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်နှင့် ခြောက်ခန်းတွဲ နှစ်ထပ် ဆရာ ဆရာမများအိမ်ရာကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ ရရှိလျှင်ရရှိချင်း အမြန်ဆုံးပြီးစီးရေးဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယခုဆောက်လုပ်သော နှစ်ထပ်စာသင်ဆောင်အသစ်သည် အလျား ၁၆၉ ပေ၊ အနံ ၈၂ ပေနှင့် အမြင့် ၃၂ပေရှိ၍ စာသင်ခန်း လေးခန်းပါရှိကာ ကျောင်းသား ကျောင်းသူ ၆၂၄ ဦး ပညာသင်ကြားနိုင်မည့် သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံဖြစ်သည်။

သစ်တောတက္ကသိုလ်မှ သိပ္ပံဘွဲ့ (သစ်တော)ဘွဲ့ရပညာရှင် မျိုးဆက်သစ်များအား နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ ၁၉၉၂ ခုနှစ်မှစ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ ဘွဲ့ရ ၉၈၆ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၁၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၃၅ ဦးတို့အား မွေးထုတ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်း အလတ်စားနှင့် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၄

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အလတ်စားစက်မှုလုပ်ငန်းဖြစ်သည့် နန်းစိန်မုန့်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းနှင့် အသေးစားစက်မှုလုပ်ငန်းဖြစ်သည့် ခိုင်သစ္စာမျှစ်ချဉ်ထုတ်လုပ်မှု လုပ်ငန်းများသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားမဝင် သားငါးထွက်ကုန်များတွေ့ပါက သတင်းပေးအကြောင်းကြားနိုင်

ရန်ကုန် မတ် ၁၄

ပြည်တွင်းဈေးကွက်အတွင်းတွင် သားငါးထွက်ကုန်များ တရားမဝင်တင်သွင်း၍ ရောင်းချခြင်းတို့ပြုလုပ်နေသည်ကို တွေ့ရှိပါက သတင်းပေးအကြောင်းကြားနိုင်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတရားမဝင်တင်သွင်းလာသော သား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်းများတင်သွင်းရောင်းချမှုကို အရေးယူနိုင်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနစသည် ဌာနအဖွဲ့အစည်းသုံးခုပေါင်းပြီး လျှို့ဝှက်အဖွဲ့ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်သည်။

"ကျွန်တော်တို့ကို သတင်းပေးပါ၊ သက်ဆိုင်ရာမြို့နယ်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွေကလည်း တစ်ဆင့်အကြောင်းကြားနိုင်ပါတယ်" ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏နှစ်ပတ်လည်အစည်းအဝေးတွင် ၎င်းက ဆက်လက်ပြောကြားသည်။

ထိုတရားမဝင်တင်သွင်းမှုများကို Mobile Team အဖွဲ့ကလည်း ဖမ်းဆီးဆောင်ရွက်နေသကဲ့သို့ ယင်းအဖွဲ့ကလည်း ဆောင်ရွက်မည်ဖြစ်သည်။ တရားမဝင်တင်သွင်းလာသော စားသောက်ကုန်နှင့် သားငါးပစ္စည်းများတွင် အခြားနိုင်ငံများမှ သက်တမ်းလွန်ပစ္စည်းများပါဝင်ကြသဖြင့် စားသုံးသူအတွက် ဘေးအန္တရာယ်များဖြစ်စေပြီး ပြည်တွင်းဈေးကွက်ကို ထိခိုက်လာစေတတ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

(၆၈၀)

အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်

ရန်ကုန် မတ် ၁၄

မြန်မာ့မီးရထားအနေဖြင့် ရထားနှင့်ခရီးသွားလာကြသူများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်ဘူတာကြီးကိုအခြေပြုပြီး နေ့စဉ်ထွက်ခွာ၊ ဆိုက်ရောက်ရထားများ၏ခရီးစဉ်နှင့်အချိန်စာရင်းများကို LED ဘုတ်ဖြင့် မြန်မာလို၊ အင်္ဂလိပ်လို စာတမ်းထိုးပြထားသည်မှာ ကြည့်ရှုဖွယ်ကောင်းသလို နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအတွက်လည်း ခရီးသွားလာရာတွင် အလွန်အဆင်ပြေလျက်ရှိသည်။ **(အပေါ်ပုံ)**

နိုင်ငံခြားသားခရီးသွားများသည် စာအုပ်များ၊ မြေပုံကားချပ်များကို အသုံးပြုပြီး သွားလာကြရာတွင် မရှင်းလင်းသောအကြောင်းအရာများကို ဒေသခံများအား မေးမြန်းကြရသည်။ ဒေသခံများကလည်း ကမ္ဘာလှည့်ခရီးသွားများကို ကူညီပေးလိုကြသော်လည်း ဘာသာစကားအခက်အခဲများကြောင့် မပြောကြားနိုင်သဖြင့် နှစ်ဦးနှစ်ဖက်အခက်ကြုံကြရပါသည်။ ယခုလို ရန်ကုန်ဘူတာကြီးတွင် နယ်ထွက်မည့်ရထားများ၏ ရထားအမှတ်ခရီးစဉ်၊ ထွက်ချိန်/ရောက်ချိန် အချိန်စာရင်းများကို အချိန်နှင့်တစ်ပြေးညီကြေညာပေးထားခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများအတွက် ကျေနပ်စရာတစ်ခုပင်ဖြစ်လေသည်။

(၇၀၁)

ချိန်ခါမရွေး
သတိပေး
မီးဘေးကင်းဝေးမှာ

'Nice' ဖြစ်ရမည်။ ဈေးနှုန်းလည်း 'Fair' ဖြစ်ရမည်။ IATA
'Nice Fare Travel' နှင့် ခရီးသွားကြစို့။

ကိုရီးယား ခရီးစဉ်	(၇ ညအိပ် ၈ရက်)	(12 - 19 Apr)
ဟောင်ကောင် ခရီးစဉ်	(၇ ညအိပ် ၈ရက်)	(13 - 20 Apr)
ဂျပန် ခရီးစဉ်	(၇ ညအိပ် ၈ရက်)	(12 - 19 Apr)
ဗီယက်နမ် ခရီးစဉ်	(၆ ညအိပ် ၇ရက်)	(11 - 17 Apr)
ဘန်ကောက် ၊ ပတ္တရား ခရီးစဉ်	(၅ ညအိပ် ၆ရက်)	(11, 12 , 13 Apr)
ဘန်ကောက်၊ဖူးခက် ခရီးစဉ်	(၄ ညအိပ် ၅ရက်)	(13 - 17 Apr)
စင်ကာပူ ၊ မလေး ခရီးစဉ်	(၇ ညအိပ် ၈ရက်)	(13 - 20 Apr)

* ခရီးစဉ်အားလုံး (Hotel 4 Star)
ခရီးစဉ်အသေးစိတ်သိရှိလိုပါက - Nice Fare Travel Co.,Ltd. IATA

အလွယ်တကူ လေ့ကျင့်နိုင်သော
ယောဂကျင့်စဉ်များ
နန်းဒေဝီစာပေ - အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း(အထက်)၊ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

ရန်ကုန်မှ တွံတေးနှင့် ဝါးခယ်မတို့သို့ ပြေးဆွဲလျက်ရှိသော သမ္ဗန်စက်လှေများတွင် အသက်ကယ်အင်္ကျီများ ထားရှိဆောင်ရွက်မှုအားနည်းနေ

ရန်ကုန် မတ် ၁၄

ရန်ကုန်မှ တွံတေးနှင့် ဝါးခယ်မတို့သို့ ပြေးဆွဲလျက်ရှိသော သမ္ဗန်စက်လှေများတွင် အသက်ကယ်အင်္ကျီများ စည်းကမ်းတကျ လိုက်နာထားရှိဆောင်ရွက်ရန် သမ္ဗန်ဆိပ်များ၌ ဆိုင်းဘုတ်များ တပ်ဆင်ထားသော်လည်း တချို့သမ္ဗန်များမှာ အသက်ကယ်အင်္ကျီများမပါခြင်း၊ တချို့စက်လှေများတွင် အသက်ကယ်အင်္ကျီများကို ထုပ်ပိုးထားခြင်း၊ ရှေ့စက်လှေဦးဖုံးများထဲတွင် သိမ်းဆည်းထားခြင်းများကို တွေ့ရှိရပါသည်။

တချို့စက်လှေများမှာ အသက်ကယ်အင်္ကျီများသည် ခရီးသွားပြည်သူများ ဝတ်ဆင်လိုစိတ် မရှိလောက်အောင် ညစ်ပတ်နေပြီး အကောင်းများမှာလည်း စက်လှေပေါင်များတွင် ချိတ်ထားသည်ကို တွေ့ရှိရသည်။

ယခုအခါ နွေဦးအခါဖြစ်ပြီး မုတ်သုံလေ ရုံဖန်ရုံခါတိုက်ပါက လှိုင်းကြီးနိုင်သဖြင့် စည်းကမ်းလိုက်နာ ဘေးကင်းကွာဆိုသကဲ့သို့ ခရီးသွားများကလည်း အသက်ကယ်အင်္ကျီများ သတိဆောင်ပြီး ဝတ်ကြရန်နှင့် စက်လှေသမ္ဗန်များကလည်း မိမိတို့ပြေးဆွဲရာ စက်လှေများမှ အသက်ကယ်အင်္ကျီများကို သန့်ရှင်းသပ်ရပ်စွာ ထားပေးကြမှသာ နှစ်ဦးနှစ်ဖက် အကျိုးများ ရရှိပေမည်။

ညနေစောင်းချိန်တွင် ရန်ကုန်ဘက်ကမ်း၌ အလုပ်လာလုပ်ကြသော ပြည်သူများ၊ ကျောင်းသားများနှင့် ဝန်ထမ်းများ မှာ အိမ်ပြန်ချင်ဇောဖြင့် အသက်ကယ်အင်္ကျီများ ဝတ်ဖို့ နေသာသာ ကိုယ့်ဘေးမှာ အသက်ကယ်အင်္ကျီ ရှိမရှိတောင် သတိမေ့တတ်ကြသည်ကို တွေ့ရသည်။ "ကျွန်တော်လည်း အသက်ကယ်အင်္ကျီများဝတ်ရန် သတိပေးတာပဲ ပြောလို့မှမရတာ" ဟု ကလီသဘော်ဆိပ်မှ ဂိတ်မှူးတစ်ဦးက ပြောသည်။

(သန့်ဇင်ဝင်း)

ယာဉ်နှစ်ထပ်ရပ်တန့်မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွား

ရန်ကုန် မတ် ၁၄

မတ်လ ၁ ရက်နေ့မှစ၍ လမ်းဘေးရပ်စည်းကမ်းမဲ့ယာဉ်များကို ကရိန်းကားဖြင့် သယ်ယူအရေးယူမည်ဟု သိရကြောင်း၊ မတ် ၁၂ ရက် အင်္ဂါနေ့ နံနက် ၁၁ နာရီခန့်က လသာမြို့နယ် မဟာဗန္ဓုလလမ်းပေါ် စဥ့်အိုးတန်း လမ်းထိပ်ဝန်းကျင်တွင် စည်းကမ်းမဲ့ရပ်ထားသော ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ခါတ်ပုံရိုက်မှတ်တမ်းတင်မှုများရှိလာကြောင်း အခင်းဖြစ်ချိန် ဖြတ်သန်းသွားသော ကိုယ်ပိုင်ယာဉ်ငယ်မောင်းသူတစ်ဦးက ဆိုသည်။

ယင်းနေရာတစ်ဝိုက်တွင် နံနက်ပိုင်းမှညနေပိုင်းထိ စည်းကမ်းမဲ့ယာဉ်များများပြားနေရာ ယင်းလမ်းကြောင်းပေါ်ဖြတ်သန်းရသော ခရီးသည်တင်ယာဉ်များ အခက်အခဲဖြစ်ရကြောင်း၊ အဆိုပါနေ့တွင် လမ်းမတော်နှင့် မဟာဗန္ဓုလလမ်း လမ်းဆုံမှ မဟာဗန္ဓုလလမ်းတစ်လျှောက် လသာမြို့နယ်တွင် ခါတ်ပုံရိုက်မှတ်တမ်းတင်ခြင်းမြင်တွေ့ရကြောင်း စဉ်ဆက်မပြတ်အရေးယူမှသာ စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်း ပပျောက်သွားမည်ဖြစ်ကြောင်း လသာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

အဆိုပါမဟာဗန္ဓုလလမ်းကြောပေါ်တွင် လူကူးမျဉ်းကျားထိပ်များတွင် ယာဉ်ရပ်ခြင်း၊ လမ်းလယ်မျဉ်းဝါကွက်များ၊ လမ်းဘေးဘတ်စ်ကားယာဉ်ကြောများတွင်ပါ ယာဉ်ရပ်ခြင်းများရှိနေသည့်အပြင် ယာဉ်နှစ်ထပ်ရပ်မှုပါကြုံတွေ့နေရ၍ ယာဉ်ပိတ်ဆို့မှုကိုဖြစ်ပွားစေကြောင်း၊ ယခုကဲ့သို့ သက်ဆိုင်ရာမှ ခါတ်ပုံရိုက်မှတ်တမ်းတင် အရေးယူခြင်းများကို လမ်းပေါ်တွင်သွားလာနေသော ယာဉ်မောင်းများမှကြိုဆိုကြကြောင်း၊ စဉ်ဆက်မပြတ် စည်းကမ်းမဲ့ရပ်နားမှုများသော နေရာများတွင်ပြုလုပ်ပေးသင့်ကြောင်း၊ သို့မှသာ ယာဉ်များစည်းကမ်းလိုက်နာမှုရှိလာနိုင်ကြောင်း၊ ဒဂုံမြို့နယ်အရောင်းစင်တာကြီးနှစ်ခုနှင့် အလက ကျောင်းဆုံရာ ပြည်လမ်းမပေါ်တွင် ဘတ်စ်ကားယာဉ်ကြောပေါ်တွင် အငှားယာဉ်များ စီတန်း၍ ခရီးသည်စောင့်နေခြင်းများ ပပျောက်ရန် လုပ်ဆောင်ပေးသင့်ကြောင်း လမ်းအသုံးပြုသူများက ဆိုသည်။

(မောင်စေအောင်)

မှတ်တိုင်ပျောက်နေသည်

ရန်ကုန် မတ် ၁၄

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း စားအုန်းဆီသိုလှောင်ကန်၌ ဆီထုတ်သော ကားများ၏ စည်းကမ်းမဲ့စွာ ယာဉ်များရပ်ထားခြင်းကြောင့် ကမ်းနားလမ်း သဲကွင်းမှတ်တိုင်တွင် ခရီးသွားများမှာ မိမိတို့စီးလိုသော ခရီးသည်တင်ကားများအား စောင့်စီးကြရာမှာ အခက်အခဲဖြစ်နေကြောင်း၊ ယာဉ်များမှာ နှစ်ထပ်ရပ်ထားခြင်းကြောင့် ကားလမ်းအထိ တက်၍ စီးနေရပါကြောင်း သိရပါသည်။ **(ဝဲပုံ)**

အဓွေးယာဉ် ဆိုက်ကားသမားများကလည်း ကျွန်တော်တို့အဓွေးယာဉ်တွေ ခရီးသည်တင်ပို့နေရာ ခက်ခဲနေရသလို၊ လမ်းပေါ်မှာ အန္တရာယ်ကနီးကပ်နေပါတယ်။ သူတို့ကားတွေ နှစ်ထပ်ရပ်တဲ့အတွက် ယာဉ်အန္တရာယ်မှာ အလွန်ကြောက်မက်ဖွယ်ဖြစ်ရပြီး အနီးအနားတွင်လည်း မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်နေပါကြောင်း၊ ယာဉ်များကို တစ်စီးစီ ပလက်ဖောင်းဘေးနားရပ်ထားပါက အန္တရာယ်ကင်းနိုင်ပါကြောင်း ပြောကြားခဲ့သည်။ ခရီးသည်တစ်ဦးက "ဆရာလေးရယ် ကျွန်မတို့ ခရီးသည်တင်ဘတ်စ်ကားကို ဘယ်နေရာက စောင့်စီးရမှာလဲ။ မှတ်တိုင်ရှေ့မှာ ဆီတင်ကားတွေ နှစ်ထပ်ရပ်ထားတော့ ကွယ်နေပြီး ခရီးသည်ကားက ဘယ်လိုရပ်တင်ရမှာလဲ၊ ဒီကိစ္စတွေကို တာဝန်ရှိသူတွေက မသိတာလား၊ မသိကျိုးကျွန်ပြုနေကြတာလားဆိုတာ မပြောတတ်ပါဘူးရှင်။ ဖြစ်နိုင်ရင် ကားမှတ်တိုင်ရှေ့မှာ ဆီတင်ကားများ ရပ်နားမှု မရှိရင် ပိုကောင်းမှာပဲ။ ခရီးသွားပြည်သူများကို အလေးထား စေလိုပါတယ်"ဟု ပြောသည်။

(ရွှေတိုင်လွင်)

မြတ်နိုးသူ Travel & Tours Co.,Ltd

VIP Class

မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ပုပ္ပါး	Apr:13	150000
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး	Apr:13	130000
ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12	130000
မန်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ပြင်ဦးလွင်	Apr:12, 14	140000
မန်း၊ ပြင်ဦးလွင်၊ မံစီ၊ ဝမ်တိန်၊ ရွှေလီ(၂ ညအိပ်)	Apr:12	220000
မန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ်	Apr:13	170000
ပုဂံ၊ တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ပင်းတယ	Apr:12	180000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ လွိုင်ကော်၊ ဒီမောဆိုး	Apr:12, 13	180000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	140000
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်)	Apr:12, 13, 14	160000
ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ မဲဆောက်၊ ဖဝေါ	Apr:13	160000

Star Hotel, Restaurant, New Model Air Coach, Special Services,.....
Ph-01-551453, 09 5156297, 09 5014517, 09 5044489,
09 450053758, 09 73162418

Upper Class

မန်း၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ကျောက်ဆည်၊ ပခုက္ကူ	Apr:12, 13	90000
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ	Apr:12	95000
ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12,13	90000
မန်း၊ အလောင်းတော်ကဿပ၊ ပြင်ဦးလွင်	Apr:12, 14	110000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	90000
မန်း၊ ပြင်ဦးလွင်၊ လားရှိုး၊ ရွှေလီ၊ မံစီ၊ ဝမ်တိန်	Apr:12, 13	140000

* ဟိုတယ်စတိုင်၊ စားသောက်ဆိုင်၊ လေအေးပေးစက်ပါ အဆင့်မြင့်ခေတ်မီလေအိတ်ကားကြီး များ၊ ဝန်ဆောင်မှုများစွာနှင့်-----

* ခရီးစဉ်များအားလုံး တစ်ဆင့်သွားကားခ/စက်လှေခ၊ တစ်ဖက်နိုင်ငံ နယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီးဖြစ်သည်။

* အထူးမေတ္တာရပ်ခံချက်-ထွက်ရှိမည့်ကားစီးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပေးပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံများနှင့် ပုဂ္ဂလိကများသို့ လွှဲပြောင်းငှားရမ်းမည့် အမှတ်(၂)အထည်စက်ရုံ(ပလိပ်)၊ ယခင်အထည်စက်ရုံအမှတ်(၁၁) (အင်းစိန်)စက်ရုံများရှိ ကုန်ချောလက်ကျန်ပစ္စည်းများကို ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ	-	ချည်အမျိုးမျိုး၊ ပိတ်ကြမ်း၊ အဖြူချွတ်ဆေးဆိုး၊ ပန်းရိုက်ပိတ်အမျိုးမျိုး၊ ထိုးထည်များ၊ ချုပ်ထည်များ
၃။ တင်ဒါပုံစံရောင်းချမည့်ရက်	-	၁၄-၃-၂၀၁၃ ရက်မှ ၂၂-၃-၂၀၁၃ ရက်ထိ (ရုံးချိန်အတွင်း)
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ	-	(က) ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော်။ (ခ) အမှတ်(၁) အထည်စက်ရုံခွဲ၊ မရမ်းကုန်း (၇)မိုင် (၇)ဖာလုံ ရန်ကုန်-အင်းစိန်လမ်း(ဈေးကွက်ရှာဖွေရေးရုံး)
၅။ တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊ အချိန်၊ နေရာ	-	၂၅-၃-၂၀၁၃ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၉၊ ၀၁-၆၆၁၃၀၅၊ ၀၉-၅၀၃၄၀၂၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အထည်အလိပ်လုပ်ငန်း

သင်္ချာ ဦးအောင်သောင်း

၂တန်း မှ ၁၀တန်းအထိ သင်္ချာ တစ်ဘာသာတည်း သန့်သန့်
(၇၀) တ-ထပ် ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း - 09 5192923 ၊ 01 246108

09-73207416, 09-43098308
Mar 15, 22, 24, 29
Apr 5, 11, 12, 13,17

ဖခင်အမည်မှန်

မောင်စိုးပြည့်အောင်[၆/ထဝန(နိုင်)၁၀၄၃၈၆]၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်အေး(ခ)ဦးအုန်းမြင့် ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ သုဝဏ္ဏ၊ ဘုရား အနီး၊ မြေကွက်အမှတ်-၁၇၀၊ မြေကွက်တည်နေရာအမှတ်-၁၇၀၊ ခရေမြိုင် လမ်း၊ ၃၀ သုဝဏ္ဏ၊ ဘုရားအနီး၊ သယ်န်းကျွန်းမြို့နယ် (ဦးဝင်းလွင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းလွင်ကွယ်လွန် သဖြင့် ဒေါ်ခင်အေးအေးရီ[၁၄/ပသန(နိုင်)၀၁၀၃၄၀]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ရန်နှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၃၀၀)၊ ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒိုမီနီယံ၊ တိုက်ခန်းအမှတ်(8-D)၊ (၈)လွှာ ကွန်ဒိုတိုက်ခန်းအား စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံအဆိုပြုသူများဖြစ်သော ဒေါ်ခင်မြကြွယ်[၁၂/မဂတ(နိုင်)၀၃၂၉၄၉]၊ ဒေါ်မချစ်ချစ်[၁၂/ဗဟန(နိုင်)၀၇၀၂၅၆] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ညွှန်ကြားချက်အရ-
ဒေါ်ပွင့်(ခ) ဒေါ်မေပြည့်စုံ
LL.B, DBL,DIL
အထက်တန်းရှေ့နေ (စဉ်-၂၈၁၈၃)
အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉၅၁၂၅၇၉၅၊ ၀၉ ၅၀၅၃၄၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် က/၃၃၊ (ဦးညွန့်၊ ဦးရွှေဝင်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့် ကွယ်လွန်သဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်အစုကို ဇနီး ဒေါ်ခင်ကြည်[၁၂/ဒပန(နိုင်)၀၂၇၁၂၉]မှ ကျမ်းကျိန်လွှာ သေစာရင်းတို့ တင်ပြ၍ ဒေါ်ခင်ကြည်ထံမှ GP 2716/13 နှင့် ကျန်ပူးတွဲအမည်ပေါက် ဦးရွှေဝင်းထံမှ GP 2717/13 ရသူ ဦးအောင်မြင့်[၁၂/သကတ(နိုင်)၀၁၅၄၆၉]မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Pearl City
Travels and Tours

မူဆယ် အခြေစိုက် လိုင်စင်ရ Tour လုပ်ငန်း ဖြစ်သည်။

- လားရှိုး-မူဆယ်-နမ့်ခမ်းနှင့် တရုတ်နယ်စပ်ခရီးစဉ်များကို တစ်ဦးချင်းမှ အဖွဲ့လိုက်အထိ စီစဉ်ဆောင်ရွက်ပေးသည်။
- နိုင်ငံခြားသားများ ပြည်ဝင်၊ ပြည်ထွက်ခရီးစဉ်များ စီစဉ်ပေးသည်။
- ခရီးသွားလုပ်ငန်းအချင်းချင်း ဆက်သွယ်နိုင်သည်။

Ph:09-5231462, 09-5232259,
09-41001969

အနုပညာ

ပျံသန်းနေသည့် လေယာဉ်ပေါ်၌ ကျင်းပသော ဂီတဖျော်ဖြေပွဲ ကမ္ဘာ့ဂင်းနစ်မှတ်တမ်းတင်နိုင်ခဲ့

ပေါ့ပ်အဆိုတော်များ ဖြစ်ကြသည့် တိုနီဟက်ဒ်လီနှင့် ကင်မ်ဝိုင်းလ်ဒီနှင့် အဖွဲ့သည် တနင်္ဂနွေနေ့က ခရီးသည် ၁၂၈ ဦး တင်ဆောင်လာပြီး အမြင့်ပေ လေးသောင်းသုံးထောင်တွင် ပျံသန်းနေသည့် ဗြိတိန်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Boeing 767 လေယာဉ်ပေါ်တွင် ဂီတဖျော်ဖြေပွဲတစ်ခုကျင်းပနိုင်ခဲ့ပြီး ယင်းဖျော်ဖြေပွဲသည် ကမ္ဘာ့ဂင်းနစ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

တေးသံရှင် တိုနီနှင့် ကင်မ်တို့သည် ၂၀၁၀ ခုနှစ်က အဆိုတော် ဂျိမ်းစ်ဘလန့်တ်၏ အမြင့်ပေ လေးသောင်းနှစ်ထောင့်ရှစ်ဆယ်အမြင့်တွင် ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် ဖျော်ဖြေခဲ့သည့် စံချိန်ကို ကျော်လွန်ကာ စံချိန်သစ် တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂီတဖျော်ဖြေပွဲတွင် တိုနီနှင့် ကင်မ်တို့က ၎င်းတို့၏ နာမည်ကြီး လူကြိုက်များခဲ့သော သီချင်းများ၊ အကများဖြင့် စုစုပေါင်း အချိန် ၂၂ မိနစ်နှင့် ၃၆ စက္ကန့်ကြာ ဖျော်ဖြေပေးနိုင်ခဲ့သည်။

ပေါ့ပ်အဆိုတော်များ ဖြစ်ကြသည့် တိုနီဟက်ဒ်လီနှင့် ကင်မ်ဝိုင်းလ်ဒီတို့ Boeing 767 လေယာဉ်ပေါ်တွင် ဖျော်ဖြေနေစဉ်။

အသက် (၅၂) နှစ်အရွယ်ရှိတေးသံရှင် တိုနီဟက်ဒ်လီက "ဒီလိုမျိုး ဖျော်ဖြေခဲ့ရတဲ့အတွက် အရမ်းဂုဏ်ယူပါတယ်။ နောက်ပြီး ဂင်းနစ်မှတ်တမ်းတင်တယ်ဆိုတော့ ပိုပြီးစိတ်လှုပ်ရှားရပါတယ်" ဟု ပြောကြားခဲ့သည်။

မကြာမီအချိန်က ခုတ်မောင်းနေသော မီးရထားပေါ်တွင် တေးသံသာများဖြင့်ဖျော်ဖြေခဲ့သည့် ဗီဒီယိုဖိုင်များကြောင့် မမျှော်လင့်ဘဲ အင်တာနက်လူမှုကွန်ရက်တွင် ရေပန်းစားထင်ရှားလာသူ တေးသံရှင် ကင်မ်ဝိုင်းလ်ဒီက ပုံစံဟောင်းတွေထဲက ခွဲထွက်ပြီး လူထုသယ်ယူပို့ဆောင်ရေး ယာဉ်တွေပေါ်မှာ ဖျော်ဖြေရတာ အရသာတစ်မျိုးပါပဲ။ ဗြိတိန်လေကြောင်းလိုင်းက ကျွန်မကို အမြင့်ပေ လေးသောင်းသုံးထောင်မှာ ဖျော်ဖြေပေးနိုင်မလားလို့ မေးလာခဲ့ပါတယ်။ ကိုယ့်ကိုယ်ကို လုပ်နိုင်မယ်လို့တောင် မထင်မိပါဘူး" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုပါလေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် ကိတ်ဝိလီယံက ထူးခြားလှတဲ့ ဒီဖျော်ဖြေပွဲမှာ ပါဝင်ပေးခဲ့ကြတဲ့ အနုပညာရှင်များနဲ့ လေယာဉ်စီးခရီးသည် အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဖျော်ဖြေပွဲအတွက်လည်း ဂုဏ်ယူပါတယ်" ဟု ပြောကြားသွားခဲ့သည်။

ဖြိုးဝဠာမြင့်

စုစည်းသည်

ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်ဇာတ်ကားရုံတင်ပြသ

ချမ်းသာကြွယ်ဝသော ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် မုဆိုးဖို ဦးခေတ်ဆန်း(ခန့်စည်သူ)သည် သမီးဖြစ်သူ ရွှေရတုခင်(ဖွေးဖွေး)အား တက္ကသိုလ်စတင်တက်သည့်နေ့တွင် ကျောင်းလိုက်ပို့ခဲ့သည်။ ကျောင်းတွင် တစ်ချိန်က သူငယ်ချင်းသုံးဦးဖြစ်သော စတယ်လာခေါ် နုနုခင်၊ ဝင်းနီခေါ် ပပတင်နှင့် ဂျက်စီကာခေါ် လှလှယဉ်တို့နှင့် ဆုံတွေ့ရသည်။ ၎င်းတို့ သုံးဦးသည် နယ်မှ တက္ကသိုလ်လာတက်သော ဦးခေတ်ဆန်းအား အလှအပမက်လုံးများပေး၍ ခိုင်းဖတ်အဖြစ် အသုံးချခဲ့ရာ ဦးခေတ်ဆန်းမှာ နာကြည်းကြောက်လန့်နေမိသည်။

ရွှေရတုခင်၏ချစ်သူ တိမ်မြူ(မင်းမော်ကွန်း)သည် ဦးခေတ်ဆန်း၏ ငယ်ချစ် ဒေါ်သစ္စာကြည်(စိုးမြတ်သူဇာ)၏ သားဖြစ်နေသည်။ ဦးခေတ်ဆန်းမှာ သူငယ်ချင်းသုံးဦး၏ သားနှင့် မိမိသမီးကို သဘောမတူသလို ဒေါ်သစ္စာကြည်ကလည်း မိမိသားနှင့် ရွှေရတုခင်ကို သဘောမတူခဲ့။

သို့သော် ငယ်ကချစ်အနှစ်တစ်ရာဆိုသည့်အတိုင်း ဇာတ်လမ်းဟောင်းတွေ ရှိခဲ့ရာဇာတ်ကားကို ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားကြပါစို့။

"ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်" ဇာတ်ကားကို ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ မိုးမိုး၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ မြတ်ကေသီအောင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။

မတ် ၁၅ ရက်တွင် သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ TOP ROYAL၊ ဝင်းလိုက်နှင့် မြို့မရုံတို့တွင် ပြသမည်ဖြစ်သည်။

မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်းတွင် HANSEL AND GRETEL WITCH HUNTERS ဇာတ်ကား၊ နေပြည်တော်တွင် A GOOD DAY TO DIE HARD ဇာတ်ကား၊ ရွှေ့ဆောင်ရုံတွင် OZ THE GREAT AND POWER-FUL ဇာတ်ကားကို ရုံတင်ပြသလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ကောင်းဆက်

ဟောင်ကောင် ရုပ်ရှင်ရက်သတ္တပတ်ပွဲတော် ဗီယက်နမ်၌ ပထမဆုံးအကြိမ် ကျင်းပမည်

တရုတ်နိုင်ငံ၏ နာမည်ကျော်ရုပ်ရှင်ဇာတ်ကားကောင်းများပါဝင်မည့် တရုတ်ဟောင်ကောင်ရုပ်ရှင်ရက်သတ္တပတ်ကို ပထမဆုံးအကြိမ်အနေဖြင့် ဗီယက်နစ်နိုင်ငံ ဟိုချီမင်းမြို့တော်၌ မတ် ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းပြပွဲကျင်းပရေးတာဝန်ရှိသူများက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါပြပွဲတွင် လွန်ခဲ့သည့် သုံးနှစ်ခန့်က နာမည်ကြီး ဒါရိုက်တာများရိုက်ကူးခဲ့သည့် ထင်ရှားသော ဟောင်ကောင်ဇာတ်ကား ရှစ်ကားကို ပြသသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အနုပညာပိုင်းဆိုင်ရာနှင့် ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်ကျင်းပရခြင်းဖြင့် ဟောင်ကောင်ရုပ်ရှင်ဇာတ်ကားများအပေါ် ဒေသတွင်းပရိသတ်များ ပိုမိုအာရုံထား စိတ်ဝင်စားလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၃-၂၀၁၃ (သောကြာနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇း၃၀	နံနက်ခင်းသတင်း
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊ ရုက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅း၀၀	မြန်မာစာ၊ မြန်မာစကား
၅း၁၀	"အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သွားစို့တူပျော်ပျော်"
၈း၀၀	ပြည်တွင်းသတင်း ပြည်သူတို့ရဲ့စကားသံများ နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ "တစ်ခုခုဖြစ်သွားခြင်းအကြောင်း" (သုမောင်၊သျှားညို၊ မြင့်မြင့်ခိုင်၊ ရတနာခင်)(ဒါရိုက်တာ-သက်တင်)

မောင်ရဲရင့်သီဟ၏ ရက် (၁၀၀)ပြည့်မွေးနေ့ ဓမ္မသဘင်မင်္ဂလာ

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ မောင်ရဲရင့်သီဟ၏ ရက် (၁၀၀)ပြည့်မွေးနေ့ ဓမ္မသဘင်မင်္ဂလာကို ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဒေါက်တာ အရှင်ကုမာရဘိဝံသ (ဗန်းမော်ဆရာတော်ကြီး)

နေ့ရက် - ၁၅-၃-၂၀၁၃ရက်(သောကြာနေ့)

အရှင်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်ကြီး၊ မိုးကုတ်ဝိပဿနာ)

နေ့ရက် - ၁၆-၃-၂၀၁၃ရက် (စနေနေ့)

အချိန် - ညစဉ် ည ၇ နာရီ

နေရာ - ဗိုလ်တထောင်ဘုရားရင်ပြင်တော်နှင့် နန်းဦးဘုရားတန်ဆောင်းတော်

ဦးပြည့်စုံဖြိုး-ဒေါ်အေးနန္ဒာစိုး

သား- မောင်ရဲရင့်သီဟ မိသားစု

GOLDEN STAR Travels & Tours

☆ ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး Mar22, Apr12

☆ မုံရွာ-အလောင်းတော်ကဿပ Mar22, Apr12

☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Mar22, Apr12

☆ တောင်ကြီး-အင်းလေး-ပင်းတယ Mar22, Apr12

☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr12

☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr12

Ph: 209200, 544383, 430480, 703448, 09-5081580

April (12) 3Star Hotel, Special Restaurtant, Special Guide

Imagine Myanmar Ph:095407753,095071556,09 420098715

ငွေဆောင်သကြိန် စရိတ်ငြိမ်း 110000/ 0949270297,09421078600

09-881 4228, 09-730 67758, 09-430 51977, 01-222 575

09-421063033 09-43117021

01-710436. 701015. 095403844. 09-5044830

371317,095124678,09401589907

0973071901,095385622 02-31505 09 42174 5522 , 01-216072

PLUS FOREVER SPORTS JOURNAL

အားကစား

ပရီမီယာလိဂ်ရင်ခုန်သံ ...၃၀

ရှိုင်းမင်းမင်း

လာမယ့်မတ် ၁၆၊ ၁၇ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ်(၃၀)ကို ဆက်လက်ကျင်းပသွားဖို့ ရှိနေပါတယ်။ အထူးသဖြင့် မန်ယူဟာ ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခဲ့ရပြီဖြစ်သလို အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ဆီမီးအဆင့်ကို တက်ရောက်နိုင်ဖို့ မသေချာတာကြောင့် ပရီမီယာလိဂ်ကို ပိုမိုအာရုံစိုက်လာမှာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပိုမိုအကြိတ်အနယ်ရှိလာဖို့ ဖြစ်တည်နေပါတယ်။

အဲဗာတန် Vs မန်စီးတီး ည ၇း၁၅ (၁၆-၃-၁၃)

ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) မန်စီးတီး ၁ - ၁ အဲဗာတန်

အဲဗာတန်က အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ကို ပိုမိုအားစိုက်ကာ ဥရောပဝင်ခွင့်ရရှိဖို့ ကြိုးစားလာမှာသေချာတယ်။ ဒ့ါအပြင် အိမ်ကွင်းလည်းဖြစ်လို့ မန်စီးတီးကို အခက်တွေ့စေနိုင်ပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း မန်ယူကို အတတ်နိုင်ဆုံးဖိအားပေးဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အဲဗာတန်ရှုံးကန်ရဖို့ရှိတယ်။

ဗီလာ Vs ကျူပီအာ ည ၉း၃၀ (၁၆-၃-၁၃)

ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) ကျူပီအာ ၁ - ၁ ဗီလာ

တန်းမဆင်းရဖို့ကြိုးစားနေတဲ့ နှစ်သင်းဖြစ်လို့ ပိုမိုအကြိတ်အနယ်ရှိနိုင်တယ်။ အထူးသဖြင့် ကျူပီအာက အခုအချိန်မှာ နှစ်ပွဲဆက်တိုက်အနိုင်ရပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိလာတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် ဗီလာကို တုံ့ပြန်ကစားနိုင်စွမ်းရှိနေတဲ့အတွက် ပွဲကအကြိတ်အနယ်ရှိနိုင်တယ်။ ဗီလာရဲ့ ရှုံးအားကလည်း အခုနောက်ပိုင်းကောင်းမွန်နေသလို အိမ်ကွင်းမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။

ဆောက်သမ်တန် Vs လီဗာပူး ည ၉း၃၀ (၁၆-၃-၁၃)

ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) လီဗာပူး ၁ - ၀ ဆောက်သမ်တန်

အခုနောက်ပိုင်း လီဗာပူးရဲ့ခြေက တက်လာတယ်။ စပါးကို အနိုင်ရခဲ့တဲ့အတွက် ယုံကြည်မှုလည်း ပိုရှိလာနိုင်တယ်။ အထူးသဖြင့် လီဗာပူးဟာ ပရီမီယာလိဂ်ပြိုင်ပွဲတစ်ရပ်သာ အာရုံစိုက်ရဖို့ရှိတော့သလို ဥရောပဝင်ခွင့်ရရှိရေးအတွက်လည်း နောက်ပိုင်းပွဲတွေမှာခြေကုန်ထုတ် ကစားနေတယ်။ ဆောက်သမ်တန်ကတော့ တန်းမဆင်းရဖို့ရှုန်းကန်နေတဲ့အသင်းဖြစ်ပြီး လီဗာပူးကိုတုံ့ပြန်ကစားနိုင်တဲ့ ခြေစွမ်းမရှိဘူး။

စတုတ် Vs ဝက်စ်ဘရွန်း ည ၉း၃၀(၁၆-၃-၁၃)

ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) ဝက်စ်ဘရွန်း ၀- ၁ စတုတ်

စတုတ်ရဲ့ခံကစားကွက်ကမဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်မှာ အသင်းလိုက်ကစားပုံကောင်းမွန်ကာ မာကျောမှုလည်း အပြည့်ရှိတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း ဥရောပဝင်ခွင့်ရရှိဖို့အတွက် ခြေကုန်ထုတ်နေရသလို ကစားပုံနဲ့တိုက်စစ်ပိုင်း စွမ်းဆောင်နိုင်မှုကလည်း စတုတ်ထက်ပိုပြီးတော့ အားကောင်းတယ်။

ဆွမ်ဆီး Vs အာဆင်နယ် ည ၉း၃၀ (၁၆-၃-၁၃)

ပထမအကျော့ရလဒ်(၁-၁၂-၂၀၁၂) အာဆင်နယ် ၀ - ၂ ဆွမ်ဆီး

အာဆင်နယ်အတွက် ပရီမီယာလိဂ်ဟာ အမှားအယွင်းအဖြစ်မခံတော့ဘူး။ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ဆိုရင် လက်ကျန်ပွဲတွေအားလုံးနီးပါးအနိုင်ရဖို့ လိုအပ်နေတဲ့အတွက် တင်ကစားလာဖို့ရှိတယ်။ ဒါပေမယ့် ဆွမ်ဆီးကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး အသင်းလိုက်ကစားပုံဟန်ချက်ကောင်းမွန်ကာ အိမ်ကွင်းမှာခြေပိုတွေ့တတ်လို့ အာဆင်နယ် အခက်အခဲနဲ့ရင်ဆိုင်ရနိုင်တယ်။ အာဆင်နယ်နိုင်ရင်တောင် ပြတ်သားဖို့မရှိဘူး။ (ဆက်လက်ဖော်ပြပါမည်)

အာဆင်နယ်ချန်ပီယံလိဂ်မှထွက်ခဲ့ရပြီး ဘိုင်ယန်မြူးနစ်ချန်ပီယံလိဂ်ကွာတားတက်

အာစင်ဝင်ဂါး၏ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ဒုတိယအကျော့တွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့်ကာ ဥရောပပြိုင်ပွဲကြီးကို လက်ပြနှုတ်ဆက်ခဲ့ရပြီး ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီ ဖြစ်သည်။



အာဆင်နယ်အသင်း ချန်ပီယံလိဂ်မှ ထွက်ခဲ့ရခြင်းသည် ဥရောပ၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်ဘောလုံးအသင်းတစ်သင်းမှ တင်ကျန်ခဲ့ခြင်းမရှိသည်မှာ ၁၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်လည်းဖြစ်ခဲ့ရသည်။

ဘိုင်ယန်မြူးနစ်နှင့် အာဆင်နယ်အသင်းတို့၏ ချန်ပီယံလိဂ်(၁၆) သင်းအဆင့် ဒုတိယအကျော့တွင် အာဆင်နယ်အသင်းသည် ပိုဒေါစကီး၊ ဆက်ဂ်နာ၊ ဝီရှိုင်းယားနှင့် မွန်ရီးယဲလ်တို့ မပါဝင်နိုင်ခဲ့သလို ဘိုင်ယန်မြူးနစ်အသင်းသည်လည်း ဖရန့်ရီဘာရီ၊ ဘိုတန်နှင့် ချက်ဝီစတိန်းဂါးတို့ ပါဝင်လာခြင်းမရှိခဲ့ပေ။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဂီရောက်၊ ရှိဆစ်စကီး၊ ဝဲလ်ကော့၊ ရမ်ဆေး၊ အာတီတာ၊ ကာဇိုလာ၊ ကိုစီအယ်လ်နီ စသည့်ကစားသမားများကို ၄-၂-၃-၁ ပုံစံဖြင့်ပွဲထွက်လာခဲ့ပြီး ဘိုင်ယန်မြူးနစ်သည်လည်း မန်ဇူကစ်၊ ရော်ဘင်၊ တိုနီခရုစ်၊ သောမက်မူလာ၊ ဂတ်စတာဗို၊ မာတီနစ်ဇ်၊ ဖီလစ်လမ်း စသည့် ကစားသမားများဖြင့် နည်းပြဂျက်ပေးနက်က ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သော်လည်း အိမ်ကွင်းအလိုင်းရန့်ဇ်အရီနာတွင် ဧည့်သည် အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။

သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပထမအကျော့တွင် အာဆင်နယ်အသင်း၏ အိမ်မရိတ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိထားခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲဖြစ်ခဲ့သော်လည်း အဝေးကွင်း သွင်းဂိုးအသာဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်နှင့် အာဆင်နယ်တို့၏ ဒုတိယအကျော့ပွဲစဉ်တွင် ကိုစီအယ်လ်နီနှင့် အိုလီဗာဂီရောက်တို့က နှစ်ဂိုးသွင်းကာ အနိုင်ရရှိခဲ့သော်လည်း ဒုတိယအကျော့မှသာ အလာကောင်းခဲ့သည့် အာဆင်နယ်အသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ရန်အတွက်မူ အခါနှောင်းခဲ့ပြီလည်းဖြစ်သည်။

မာလာဂါနှင့် ပေါ်တိုတို့၏ ပွဲစဉ်တွင်မူ မာလာဂါအသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ကစားသမားသစ်သုံးဦး သို့မဟုတ် လေးဦးအထိခေါ်ယူရန် လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာ ဆန္ဒရှိနေ

လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဒန်နီရယ်စတားရစ်နှင့် ကော်တင်ဟိုတို့ကို ခေါ်ယူအားဖြည့်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီအတွက် ကစားသမားထပ်မံဖြည့်တင်းမှုအနေဖြင့် နွေရာသီဈေးကွက်တွင် ကစားသမားသစ်သုံးဦး သို့မဟုတ် လေးဦးအထိခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဒန်နီရယ်စတားရစ်နှင့် ဖီးလစ်ပီကော်တင်ဟိုတို့သည် အရည်အချင်းရှိကစားသမားများဖြစ်ပြီး ယင်းအသစ်ခေါ်ယူခဲ့သော ကစားသမားနှစ်ဦးသည် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းကောင်းရရှိနေသည့်အပြင် လာမည့်ဘောလုံးရာသီတွင်လည်း အားကိုးအားထားပြုရမည့် ကစားသမားများဟု ယူဆထားသော်လည်း အသင်း၏ ရှေ့၊ လယ်၊ နောက်တွင် တစ်နေရာလျှင် အရည်အချင်းရှိ ကစားသမားနှစ်ဦးလိုအပ်နေခြင်းကြောင့် နောက်ထပ် အတွေ့အကြုံရှိကစားသမားများကို ခေါ်ယူရန်ဆန္ဒရှိနေခြင်းဖြစ်သည်။

နိုင်လင်းကြည်

Asia Top 0943164118, 0949764458, 098635520
Mar 15,22,25,29 Apr 5,12,13
ချောင်းသာ

NEW WAY 0973238655, 0973217877
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)

GOLDEN RICH
(Apr12)
(Apr13)
(Apr12)
(Apr12)
01-501518,09-420032688

01-293159
01-9000293
09-5160048
www.heincarrental.com

မောင်ထက်နောင်နှင့် မခင်မိုးဝေတို့အတွက် မင်္ဂလာဆုမွန်

တောင်ငူမြို့နယ်၊ ပိုလ်မှူးဖိုးကွန်းလမ်း၊ အိမ်အမှတ်(၁၃/၂၁)နေ (ဦးထင်ကျော်)-ဒေါ်ရှုယဉ်(ခ) ဒေါ်ချိုပြုံး (ချိုကြည်သာ-ဆေးဆိုင်)တို့၏ တစ်ဦးတည်းသောသား

မောင်ထက်နောင် B.A(English)
(SUNTAC Co.,Ltd)

နှင့်

မကွေးမြို့၊ ပြည်တော်သာတိုက်(၁၄)၊ အခန်း(၈)နေ ဦးမြင့်ဝေ(တိုင်းဆက်သွယ်ရေး)-ဒေါ်ခင်ဌေးမာ (အလပြ-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

မခင်မိုးဝေ [AGTI(EC)B.Sc(Maths;),M.I.Sc]
(A.C.E Construction Group)

တို့ကို မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)တွင် မိုနာလီဇာ-၂ မင်္ဂလာခန်းမ၊ ကမ်းနားလမ်း မကွေးမြို့တွင်လည်းကောင်း၊ ၈-၃-၂၀၁၃ရက်(သောကြာနေ့)တွင် ဟုတ်ဝမ်မင်္ဂလာခန်းမ၊ ကန်လမ်း၊ တောင်ငူမြို့တွင်လည်းကောင်း မင်္ဂလာဧည့်ခံပွဲပြုလုပ်ခဲ့ပါသည်။

မောင်ထက်နောင်နှင့်မခင်မိုးဝေ တို့သည်

ဆန်းသစ်လ---လ၊တက်သစ်စ---နေဝန်းပမာ တင့်တယ်ပြီး၊ နှစ်ဖြာသော ကိုယ်စိတ်ဖြင့် ဘဝတစ်သက် တာတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေသတည်း--။

ဦးချမ်းသာ - ဒေါ်ခင်မာအေး (A.C.E Construction Group)
ဦးဖြိုးမင်းလတ် - ဒေါ်စုနှင်းလွင် (A.C.E Construction Group)
ဦးကျော်ဇင်ဦး - ဒေါ်သီတာကိုကို (A.C.E Construction Group)
မပြုံးမို့မို့လှိုင် (A.C.E Construction Group)
Public Relation Department ဝန်ထမ်းများ
(A.C.E Construction Group)

(၅)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

သိန်းသန်းစက်မှုလက်မှု(၇၇၇) ခြေတုလက်တုလုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာဦးသန်းထွန်းဦး(နာယက၊မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မင်္ဂလာဒုံမြို့နယ်)နှင့် မထိုက်ထိုက်ဦး (တက်နေထွန်း၊ ဖက်ရှင်စတိုး၊ မင်္ဂလာဒုံဈေး)တို့၏ ၁၅-၃-၂၀၁၃ရက်တွင် ကျရောက်သည့် (၅)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်မှသည် ရာသက်တိုင် သာသနာ၊ ဘာသာ၊ လူမှုအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး
မင်္ဂလာဒုံမြို့နယ်

(၁၀၁)နှစ်မြောက်မွေးနေ့ဆုတောင်းလွှာ

ကျေးဇူးရှင်ဖခင်ကြီး "ဖူးဖူး-စောဂွန်ဘွယ်လား"(သစ်လုပ်ငန်း၊ တောင်ငူ)အား ယနေ့ ၁၅-၃-၂၀၁၃ ရက်ထိ (၁၀၁)နှစ်တိုင်အောင် အသက်ရှင်ခွင့်ပေး၍ ခံစားရသော ကောင်းကြီးမင်္ဂလာအပေါင်းကို ရေတွက်ချီးမွမ်းလျက် ထာဝရဘုရားရှင်၏ ကောင်းကြီးမင်္ဂလာအပေါင်း ကြွယ်ဝစွာဆက်လက်ခံစားရပါစေကြောင်း။

သားသမီးမြေးမြစ်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

D FASHION
Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်
LEVEL(I)
* Blouses, Shirt
LEVEL(II)
LEVEL(III)
Vest,T-Shirt, Polo Shirt,Shirt,Jacket,Coat,Trouser
Illustration
Principal of Design
Designer's Tool
Present/Past/Future Silhouette
Pattern (Pattern Drafting)
(Cutting & Making)
(Detail by Triming)
LEVEL
Figure
(B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)
206148, 09-503 4163, 09-420244994

ကိုယ်ပိုင်ယာဉ်တစ်စီး လမ်းဘေးပလက်ဖောင်းဝင်တိုက်

ရန်ကုန် မတ် ၁၄

မတ် ၅ ရက်က သမိုင်းဘူတာရုံလမ်းတွင် ကိုယ်ပိုင်ယာဉ်ငယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးပလက်ဖောင်းအား ဝင်တိုက်မိပြီး ယာဉ်မောင်းမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် မြောက်ဥက္ကလာဆေးရုံသို့ ပို့လိုက်ရသည့် ဖြစ်ရပ်တစ်ခု မရမ်းကုန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ လှိုင်သာယာမြို့နယ်(၅)ရပ်ကွက် အဆင့်မြင့်စက်မှုဇုန်(၁)လမ်းနေ ကိုကျော်ဇောလွင်(၄၂)နှစ်သည် ယာဉ်အမှတ် ၆င/----ခဲရောင်အား မတ် ၅ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် သမိုင်းလမ်းဆုံမှ အရှေ့မှအနောက်သို့ သမိုင်းဘူတာရုံလမ်းအတိုင်း မောင်းနှင်လာစဉ် သမိုင်းဘူတာရုံလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဘုရင့်နောင်တံတား စီမံကိန်းလမ်းတိုးချဲ့ပလက်ဖောင်းသစ်အားတိုက်မိ၍ ယာဉ်အင်ဂျင်လေအိတ်ကွဲ၊ ယာဉ်ဦးခေါင်းပိုင်းကြေမွပျက်စီးကာ ယာဉ်မောင်း ကိုကျော်ဇောလွင်မှာ ယာလက်ဖျံရိုး နှစ်ဆစ်ကျိုးဒဏ်ရာ ရရှိသဖြင့် မြောက်ဥက္ကလာဆေးရုံ ပို့လိုက်ရကြောင်း သိရသည်။**(ယာပုံ)** **(ထွန်းဝင်း)**

လမ်းဖြတ်ကူးသူအား ဆိုင်ကယ်တိုက်၍ သေဆုံး

ပြည် မတ် ၁၄

ပြည်မြို့နယ် ပေါင်းတလည်ကျေးရွာအုပ်စု ပြည်-ပေါက်ခေါင်းကားလမ်း မိုင်တိုင်အမှတ်(၇/၃) နှင့် (၇/၄) အကြားတွင် မတ် ၁၀ ရက် နံနက် ၇ နာရီခွဲခန့်က လမ်းဖြတ်ကူးသူအား ဆိုင်ကယ်တိုက်မိသေဆုံးခဲ့သည်။

ပြည်ဘက်မှ ပေါက်ခေါင်းဘက်သို့ ယာဉ်မောင်း ထိန်ဝင်း(၃၁)နှစ် အနောက်ကွက်သစ် ပေါင်းတလည်ကျေးရွာအုပ်စု ပြည်မြို့နယ်နေသူမောင်းနှင်လာသည့် ဆိုင်ကယ်အမှတ် ၃၂ယ/. . . လော်ဂျား-၁၁၀ သည် တောင်မှမြောက်သို့ လမ်းဖြတ်ကူးသူ ဒေါ်မမြင့် (၅၈) နှစ် ကုလားကန်ကျေးရွာ မော်ဇာကျေးရွာအုပ်စု ပြည်မြို့နယ်နေသူအား ဝင်တိုက်မိခဲ့ရာ ဒေါ်မမြင့်မှာ ဝဲနဖူး၊ ယာခြေသလုံး ပွန်းပဲ့ဒဏ်ရာများနှင့် ရင်ဘတ်အောင့် ဒဏ်ရာများရရှိသဖြင့် ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ **(၅၇၈)**

. . . .

အုတ်တွင်းဘူတာအနီး ရထားကြိတ်ခံရ

အုတ်တွင်း မတ် ၁၄

အုတ်တွင်းမြို့နယ် ပဲခူးလမ်းရပ်ကွက် အုတ်တွင်းဘူတာအနီး ရန်ကုန်-မန္တလေး ရထားလမ်း မိုင်တိုင်အမှတ် (၁၅၈/၁၅) နှင့် (၁၅၈/၁၆) အကြားတွင် မတ် ၁၁ ရက် နံနက်ပိုင်းက ရဟန်းတစ်ပါး ရထားကြိတ်ခံရပြီး ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။ အုတ်တွင်းဘူတာရုံပိုင်ကြီး ဦးကျော်ကျော်ဦး၏ အကြောင်းကြားချက်အရ အုတ်တွင်းရဲစခန်းမှူး ရဲအုပ်သိန်းကျော် ဦးစီးအဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းနှင့် ဘွဲ့အမည် စိစစ်ဆဲရဟန်းမှာ ယာဘက်နားထင်နှင့် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ယာဘက်လက်မောင်း အဆစ်ရိုးကြေမွဒဏ်ရာများဖြင့် ပျံလွန်တော်မူလျက်တွေ့ရှိရပြီး ၎င်း၏ရုပ်ကလာပ်အား အုတ်တွင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိသည်။ ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်း ၃ နာရီခန့်က ရန်ကုန်မှ နေပြည်တော်သို့ ခုတ်မောင်းလာသော အမှတ်(၉၃၃) အဆန်ကုန်တင်ရထားနှင့် ကြိတ်မိခဲ့ခြင်းဖြစ်ပြီး အုတ်တွင်းရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၃/၂၀၁၃ဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**

အကောက်ခွန်မဲ့ ကုန်ပစ္စည်းများစစ်ဆေး

ဝေါ မတ် ၁၄

မတ် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားချုံကျေးရွာပိုင် မိုင်တိုင်အမှတ်(၈၁/၄)တွင် Mobile Team-2 ပူးပေါင်းအဖွဲ့သည် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ကျော်ဦးမောင်းနှင်လာသော ယာဉ်အမှတ် ၄ယ/---- ယာဉ်ပေါ်တွင် ကုန်ကြေညာလွှာပါ ကုန်ပစ္စည်းများအား စစ်ဆေးခဲ့စဉ် ကုန်ကြေညာလွှာပေါ်တွင် ဖော်ပြခြင်းမရှိသော (water cooler) ရေအေးစက်အလုံး ၅၀ အား စစ်ဆေးတွေ့ရှိရသည့်အတွက် သိမ်းဆည်းခဲ့သည်။ ဆက်လက်စစ်ဆေးရာ ငံပြာရည်ဘူး ၅၀ ပါဖာငါးလုံး၊ မျက်နှာသုတ်ပဝါ ၁၉ ထုပ်၊ အသေး ၄၅ ထုပ်၊ အချိုရည်အလုံး ၅၀၊ ကာလတန်ဖိုးငွေကျပ် ၂၆၉၆၀၀၀ အား အကောက်ခွန်အမှုတွဲ အမှတ် ၁၁-လရ-၂/၂၀၁၃ ပုဒ်မ(၃၂၃) (၃၂၆) တို့ဖြင့် လည်းကောင်း၊ ယာဉ်မောင်း သန်းဝင်း မောင်းနှင်လာသော ယာဉ်အမှတ် ဏ/---- ယာဉ်ပေါ်တွင် ယခင်ခါတ်ဆီတိုင်ကီထားရှိသော ကား၏ဝမ်းဗိုက်တွင် သေတ္တာရိုက်၍လည်းကောင်း၊ အပိုစပယ်ယာ တာယာထားရှိသောနေရာတွင် သေတ္တာရိုက်၍ဘီယာဘူး ၂၄ ဘူးပါ ၁၅ ဖာအား စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(ဝဲပုံ) ဘုန်းသော်(ဝေါ)**

ကြံ့ကြံ့ဖန်ဖန် သေမှုသေခင်း

ပဲခူး မတ် ၁၄

ပဲခူးမြို့နယ် မှော်လုံကျေးရွာအုပ်စု ထုံးကလေးကျေးရွာ ပဲခူးမြစ်အတွင်း မတ် ၁၁ ရက် နံနက် ၅ နာရီခန့်က လူငယ်တစ်ဦးမြစ်အတွင်း ပြုတ်ကျ၍ ရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနစ်သေဆုံးသူမှာ လှစိုး (၃၉)နှစ် ကျားတက်ကျေးရွာ ကဝမြို့နယ်နေသူဖြစ်ပြီး ၎င်းနှင့်အတူ တစ်ရွာတည်းနေ မျိုးနိုင် (၂၅)နှစ်၊ ကျော်အောင် (၂၇)နှစ်တို့မှာ စက်လှေဖြင့် ရန်ကုန်မှ ကျားတက်ကျေးရွာသို့ပြန်ရန် မြစ်ရေအတက်စောင့်နေစဉ် လှစိုးမှာ စက်လှေ၏ကျောက်ကြိုးအား မြစ်အတွင်းသို့ ပစ်ချရာ ဝဲဘက်ခြေချင်းဝတ်ကိုကြိုးရစ်ပတ်ကာ မြစ်အတွင်းသို့ ပြုတ်ကျ ရေနစ်သေဆုံးခဲ့သဖြင့် ဆယ်ယူရရှိခဲ့ပြီး ရဲဆေးစာဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ်စစ်ဆေးရန် ပဲခူးဆေးရုံသို့ပို့ကာ အင်းတကော်ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၂/၂၀၁၃)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ငွေးနိုင်-ပဲခူး)**

ငါးများချိတ် ဆင်းဖော်သူနှစ်ဦးမှ တစ်ဦးရေနစ်သေဆုံး

ရေတာရှည် မတ် ၁၄

ရေတာရှည်မြို့နယ် မြို့လှရဲစခန်းနယ်မြေ၌ မတ် ၉ ရက်က ဝဲဒေါင်းကျေးရွာအုပ်စု ချောင်းကျိုးရွာ အနီးစစ်တောင်းမြစ်အတွင်း၌ လူငယ်တစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ တာဝန်မှူး ဒု-ရဲအုပ်နန်းဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရှမ်းအေး(၁၉)နှစ်၊ သန့်ဇင်အောင် (၂၀)နှစ်၊ သန့်ဇင်စိုး(၁၉)နှစ်တို့ သုံးဦး စစ်တောင်းမြစ်အတွင်း ငါးများနေကြရာ ငါးများချိတ်ငြိနေ၍ ရှမ်းအေးနှင့် သန့်ဇင်စိုးတို့ဆင်း၍ဖော်ရာမှ ရေနစ်နေ၍ သန့်ဇင်အောင်က အော်ဟစ်အကူအညီတောင်းရာ အနီးရှိလူများရောက်လာပြီး ဆယ်ယူခဲ့သဖြင့် သန့်ဇင်စိုးအား အသက်ရှင်လျက်၊ ရှမ်းအေးမှာ သေဆုံးသွားခဲ့၍ ဆေးစာဖြင့်ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဆွာတိုက်နယ်ဆေးရုံသို့ပို့ခဲ့ပြီး မြို့လှရဲစခန်းက သေမှုသေခင်းအမှတ် ၁/၂၀၁၃ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၆၉၉)**

ဦးမောင်လှိုင်၊ ဦးကံမြင့်
(ရာထူးဝင် နှင့် အင်္ဂလိပ်စာပုံမှန်သင်တန်းများ)
ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ကြီးဌာနအသီးသီးမှ ခေါ်ဆိုထားသော ရာထူးများ အားလုံးအတွက် ပုံမှန်တန်းခွဲများ (လစဉ်ကြေးဖြင့်) တက်ရောက်နိုင်ပါပြီ။
အမှတ် ၁၅၉၊ ၃-ထပ်(ယာ) ၃၈လမ်း(အလယ်)ကျောက်တံတားမြို့နယ်၊
ဖုန်း- ၀၉၅၀ ၉၃၆၇၄၊ ၀၉ ၇၃၂၄၁၀၅၉

သတိုးမင်း
ချောင်းသာ/ငွေဆောင်
Ph:09 73143249
09 73252241

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

GUEST HOUSE PACKAGE
Apr-12
Apr-12,17
09-73159071,09-49330287

JADE Travels & Tours
ချောင်းသာအပန်းဖြေခရီး
(၂ ညအိပ်၊ ၃ ရက်) စားသောက်ငြိမ်း
25.3.2013 - 55000/-
09-73123443,09-5179754,09-43177351

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ No-2146, 71St Street, Brooklyn N.Y-11204 U.S.A နေ
Mr.Benjamin Fong Chen နှင့် Mrs. Meken Chi Hom
တို့၏သား
MR.JORGE FONG
Software Developer
For The City of New York (DOITT)
နှင့်
ရန်ကုန်မြို့၊ အမှတ်(၆၆/D)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ
ဦးမောင်အေး-ဒေါ်လေးနွယ်တို့၏သမီး
မအေးသန္တာ(ခ)ဂျူလီယာကြည်
B.A (History)
Chinese Language Teacher
တို့သည် ၆-၃-၂၀၁၃ရက်တွင် Western Park Restaurant ၌ ဂုဏ်သရေရှိလူကြီးမိဘဆွေမျိုးများ နှစ်ဖက်ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
MR.JORGE FONGနှင့် မအေးသန္တာ(ခ) ဂျူလီယာကြည်

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးဝေ-MOGE(ငြိမ်း)-ဒေါ်ဖြူ [အလပြ(ငြိမ်း)]
တို့၏သား
မောင်ပြည့်ဖြိုးဝေ **B.Sc(Chemistry)**
("ဆန်းသစ်"လျှပ်စစ်နှင့် ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမောင်မြင့်-ဒေါ်ရီရီမြင့်
တို့၏သမီး
မအိအိဖြူ **B.Com,LCCI(Level-III)**
(Fashion Euphoria)
တို့၏ ၈-၁၁-၂၀၁၂ရက်(ကြာသပတေးနေ့)တွင် ရွှေဘဲစားတော်ဆက် (ဆရာစံလမ်း)၌ ကျင်းပသော စေ့စပ်မင်္ဂလာပွဲ၊ ၁၂-၂-၂၀၁၃ရက်(အင်္ဂါနေ့)တွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့(ကမ္ဘာအေး)၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် Western Park Royal(ကန်တော်ကြီး)၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတို့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံးမှ တွဲဖက်ခရိုင်တရားသူကြီး ဒေါ်ခင်စိုးဟန်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နတ်တလင်းအသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင်များနှင့် ဒေါ်မာလာဝင်း(MD-Fashion Euphoria)တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးမောင်မောင်သောင်း(ပညာအလင်းပြ)နှင့် ဇနီး ဒေါ်ဝင်းကြည် (အထက) ကျောင်းအုပ်ကြီး(ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဝတ်ဆင်ပေးပါသော Capt-ဦးခင်မောင်ကြည် (Bis Mark Maritime Co.,Ltd.)နှင့် ဇနီး ဒေါ်ခင်ခင်ငြိမ်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မေပြည့်စုံခင်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ကလပ် ကိုင်ဆောင်ပေးသော မနုနုဝင်း၊ မင်္ဂလာသတို့သားအရံ မောင်အောင်ကိုဝင်းနှင့်မောင်ဇေယျာလွင်၊ သတို့သမီးအရံ မေမွန်ဘုန်းနိုင်နှင့် ခင်ချောစုဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်ရီရီသန့်နှင့်တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Western Park Royal မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအောင်မြင်သည်အထိ အစမှအဆုံးတိုင် ကူညီပေးပါသော ဦးမျိုးဝင်း(Ex-MOGE)၊ ဦးဇော်ဝင်း (Ex-MOGE) နှင့်ဇနီး ဒေါ်လှလှထွေး၊ အန်တီပြုံး(တ/ဥက္ကလာ)တို့နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးဝေ-မအိအိဖြူ

အထက်မြန်မာပြည်သတင်း

ကြက်မောက်တောင် ဆည်ရေသောက်တောင်သူများ သုံးသီးစားစိုက်၍ စီးပွားရေးတွက်ခြေကိုက်

ကျောက်ပန်းတောင်း မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယမန်နှစ်မိုးစပါးအပြီး နှမ်းစပါးမတိုင်မီ သီးထပ်အဖြစ်စိုက်ပျိုးခဲ့သော ကုလားပဲသီးနှံများ ရိတ်သိမ်းလျက်ရှိကြပြီး ရာသီဥတုဖောက်ပြန်မှုကြောင့်ယခင်နှစ်များထက် အထွက်နှုန်းအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ပုံမှန်ကတော့ တစ်ဧကကို တင်း ၂၀ လောက်ထွက်ပါတယ်။ မနှစ်က ရာသီဥတုဖောက်ပြန်ခဲ့လို့ ဒီနှစ်အထွက်နှုန်းမကောင်းကြပါဘူး။ ကျွန်တော်ဆို ဒီအကွက်က ဒသမ ၅၀ စိုက်တာပါ။ ရှစ်တင်းလောက်ပဲမှန်းလို့ရတယ်။ ဒါတောင် ကျွန်တော် သွင်းအားစုကို တအားဂရုစိုက်ခဲ့တာပါ။ လိုအပ်တဲ့ ပိုးသတ်ဆေး၊ အားဆေးတွေကို နှစ်ကြိမ်ဖျန်းပေးခဲ့တာပဲ။ ပထမတစ်ကြိမ်က ဆေးပုတ်ကြီးလို့ခေါ်တဲ့ တရုတ်ဆေး ဘိုစတာနဲ့ သာလွန်ကိုဖျန်းပါတယ်။ ဒုတိယအကြိမ်မှာ ဘိုစတာ၊ မော်ဒယ်မုန်းနဲ့ ပါဖက်ဖျန်းပါတယ်။ သီးနှံပေါ်ချိန်ကျမှ သီးနှံမရဘဲ နောင်တရတာမျိုးမဖြစ်ရအောင် သွင်းအားစုကို ဂရုစိုက်ပါတယ်။ ရာသီဥတုဖောက်ပြန်လို့မရတာကတော့ တစ်မျိုးပေါ့ဗျာ" ဟု ကိုင်းရွာမကွင်းတွင် ကုလားပဲရိတ်သိမ်းနေသော ညောင်ပင်သာရွာမှ ဦးဝင်းနိုင်က ပြောသည်။

ယမန်နှစ်က ကုလားပဲဈေးမှာ ရာသီကုန်ချိန်တွင် ကျပ် ၁၅၀၀၀၊ ကျပ် ၁၆၀၀၀ သာရှိခဲ့ပြီး ယခုနှစ်တွင်မူ ကျပ် ၁၆၀၀၀ ဈေးဖြင့်စတင်ရောင်းချရကြောင်းနှင့် မျိုးဈေးမှာ ကျပ် ၂၀၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ရကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးသော ကုလားပဲမျိုးမှာ ကရာချီခေါ် ဒေသမျိုးကို အစိုက်များပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၄၃၀၂ ဧက စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၅၁၂၇၉ တင်းထွက်ရှိခဲ့ကြောင်းနှင့် ၂၀၁၂-၂၀၁၃ စိုက်ပျိုးရာသီတွင် ၄၁၇၂ ဧက စိုက်ပျိုးခဲ့ကြောင်း သိရပြီး မိုးကောင်းသောက်ဒေသများတွင် မိုးစပါးပြီးလျှင်ပြီးချင်း ကုလားပဲကို သီးထပ်အဖြစ် နှစ်သီးစားသာ စိုက်ပျိုးနိုင်သော်လည်း ကြက်မောက်တောင်ဆည်ရေသောက်ဒေသတောင်သူများမှာ မိုးစပါး၊ ကုလားပဲ၊ နှမ်းစပါးဟူ၍ သုံးသီးစားစိုက်ပျိုးနိုင်သဖြင့် တစ်နှစ်ပတ်လုံး အလုပ်ကိုလက်နှင့် မပြတ်လုပ်ကိုင်နေရခြင်းကြောင့် စီးပွားရေးအရတွက်ခြေကိုက်ပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

(၆၂၈)

မီတာများတပ်ဆင်ရာတွင် ပြေလျှော့ပေး

စစ်ကိုင်း မတ် ၁၄

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ခွင့်ပြုချက်ဖြင့် အိမ်သုံးမီတာနှင့် ပါဝါမီတာများ တပ်ဆင်ခွင့်ပြုရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ အိမ်တွင်းနှင့်စက်ရုံတွင်း ဝါယာရိန်းလုပ်ငန်းများ၊ လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများကို လျှပ်စစ်ကျွမ်းကျင်လုပ်သားများအား ခွဲတမ်းချသည့်စနစ်ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။

ယခုအခါ ခေတ်စနစ်ပြောင်းလဲလာခြင်းနှင့်အတူ ပြည်သူလူထုအိမ်သုံးမီတာ၊ ပါဝါမီတာများတပ်ဆင်ရာတွင် အခက်အခဲမရှိစေရေးအတွက် အဆင့်ဆင့်ဖြေလျှော့ပေးလျက်ရှိကြောင်း သိရသည်။

အိမ်သုံးမီတာ၊ ပါဝါမီတာများတပ်ဆင်ခြင်းပြုလုပ်ရာတွင် ဝါယာရိန်းလုပ်ငန်းများ၊ လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများကို လျှပ်စစ်ကျွမ်းကျင်လုပ်သားများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပြီး မီးသုံးစွဲသူများ၏ဆန္ဒအရ ဈေးနှုန်းသက်သာခြင်း၊ လုပ်ငန်းကျွမ်းကျင်ခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ စေတနာထားဆောင်ရွက်ခြင်းတို့အပေါ် မူတည်၍ မီးသုံးသူတို့၏ ဆန္ဒနှင့်ကိုက်ညီသည့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများထံသို့ လုပ်ငန်းများအပ်နှံ၍ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများမှ တာဝန်ရှိသူများကလည်း တိုင်းဒေသကြီးအလိုက် မြို့နယ်လျှပ်စစ်ကျွမ်းကျင်လုပ်သားများ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို စာရင်းပြု၍ ကြော်ငြာပေးထားရမည်ဟု ထုတ်ပြန်ထားကြောင်းသိရသည်။

(ခိုင်ဇေယျ)

ပင်လယ်နှမ်း ဈေးကွက်ခိုင်မာ၍ ရောင်းချသူများအဆင်ပြေ

နေပြည်တော် မတ် ၁၄

လမ်းဘေးတွင် အလေ့ကျပေါက်နေသော ပင်လယ်နှမ်း(ခေါ်)မိချောင်းကွမ်းဖတ်များအား ရိတ်ယူ၍ နေလှန်းအစေ့ထုတ်ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းပြီး စီးပွားအဆင်ပြေလျက်ရှိကြောင်း ဒလမြို့နယ်မှ ပင်လယ်နှမ်းရောင်းချသူ ဒေါ်စန်းအေးထံမှ သိရသည်။

ပင်လယ်နှမ်း(ခေါ်) မိချောင်းကွမ်းဖတ်အပင်များသည် လမ်းဘေးတွင် အလေ့ကျပေါက်သော အပင်များဖြစ်ပြီး နေရာအနှံ့တွေ့မြင်ရသည်။ အနာစိမ်းပေါက်လျှင် ရေစိမ်၍အုံပေးရကြောင်း၊ အရိုးအက်လျှင် ရေစိမ်၍ ပတ်တီးစည်းပေးပါက ပျောက်ကင်းကြောင်း သိရသည်။

လမ်းဘေးတွင် အလေ့ကျပေါက်သော ပင်လယ်နှမ်း(ခေါ်) မိချောင်းကွမ်းဖတ်ပင်များအား နွေရာသီတွင် ရိတ်၍ အစေ့ထုတ်ကာ ရောင်းချခြင်းဖြစ်ရာ ခိုင်မာသောဈေးကွက်ရှိပြီး ဈေးကောင်းလည်းရကြောင်း သိရသည်။

၎င်းအပင်များအား ရောင်းချသည့် သက်တမ်း ၁၀ နှစ်ရှိသူ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်မှ ဒေါ်စန်းအေးက ယခင်နှစ်များက ပင်လယ်နှမ်းရောင်းချသူနည်းပါးသော်လည်း ဈေးကွက်ရခြင်း၊ ပင်လယ်နှမ်းပင်များ ပေါများစွာရှိခြင်း၊ ဈေးကွက်ခိုင်မာခြင်းများကြောင့် ပင်လယ်နှမ်းရောင်းချသူများလာကြောင်းပြောပြသည်။ ပင်လယ်နှမ်းစတင်ရောင်းချစဉ်က တစ်ပိဿာလျှင် ကျပ် ၃၅၀ စရောင်းခဲ့ရပြီး ပြီးခဲ့သည့်နှစ်က ကျပ် ၂၇၀၀ ဈေးနှုန်းရရှိပြီး ယခုနှစ်တွင် ကျပ် ၃၃၀၀ နှုန်းရောင်းချရကြောင်း သိရသည်။

မင်းရဲမာန်(နေပြည်တော်)

စစ်ကိုင်း၌ ကျောက်မျက်ရတနာဆိုင်ဖွင့်

စစ်ကိုင်း မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ကျောက်မျက်ရတနာမျိုးစုံ ဝယ်ယူရရှိနိုင်သည့် ကျောက်မျက်ရတနာဆိုင်ကြီးတစ်ဆိုင်ကို ပထမဦးဆုံးဖွင့်လှစ်လိုက်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ယခင် GEC သမအဆောက်အအုံကို ပြန်လည်ပြုပြင်ကာ ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာအဆင့်မီ လက်ဝတ်ရတနာများဖြစ်၍ ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားဧည့်သည်များပါ စိတ်ဝင်တစားဝယ်ယူကြကြောင်း သိရသည်။

စစ်ကိုင်းမြို့ရှိ ရပ်ကွက်အသီးသီးတွင် ကျောက်ဖြတ်ခြင်း၊ ကျောက်ပုတီးလုံးခြင်းများအပြင် ကျောက်ပန်းပုလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

ကျောက်ပုတီးများကို တရုတ်ပြည်မှ ကုန်သည်များ အများဆုံးဝယ်ယူကြပြီး တစ်လုံးကို အရောင်ပေါ်မူတည်ကာ ကျပ် ၁၀၀ မှ ၁၀၀၀ ကျော်ထိဈေးရကြောင်း သိရသည်။

(၅၃၁)

ရွှေသင်းဘိုးဘွားရိပ်သာ အလှူငွေပေးအပ်

ရမည်းသင်း မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာတွင် မတ် ၇ ရက်က ရမည်းသင်းမြို့၌ CB ဘဏ်ဖွင့်ပွဲအောင်မြင်သော အထိမ်းအမှတ်အဖြစ် CB ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ရွှေသင်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်အဖြစ် ကျပ်နှစ်သိန်း လှူဒါန်း၍ အာဟာရ ကျွေးမွေးဧည့်ခံခြင်း ငါးသောင်းကျပ် ကုသိုလ်ပြုလှူဒါန်းငွေများကို ရွှေသင်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

တောင်ကြီးမြို့ St.Theresa's ကျောင်း၊ ယခင်အထက(၇)၊ ယခုအထက(၅) ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

အာစရိယဂိုဏ်းဝင် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများမှ တက်ရောက်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

နေ့ရက် - ၃၀-၃-၂၀၁၃ရက်(စနေနေ့) အချိန် -နံနက် ၆း၀၀နာရီ

နေရာ - စိန်မြင်းမိုရ်ခန်းမ အထက(၅)တောင်ကြီး

အာစရိယပူဇော်ပွဲ

နေ့ရက် - ၃၀-၃-၂၀၁၃ရက်(စနေနေ့) အချိန် - နံနက် ၈း၃၀နာရီ

နေရာ - အထက(၅)၊ တောင်ကြီး

မိတ်ဆုံစားပွဲ

နေ့ရက် - ၃၀-၃-၂၀၁၃ရက်(စနေနေ့) အချိန် - ညနေ ၆း၀၀နာရီ

နေရာ - ဟုတ်ကြန့်ဘုံကျောင်း၊ ကန်ရှေ့ရပ်၊ တောင်ကြီး

(လက်မှတ်ဖြင့်ကြွရောက်ပါရန်)

***ရပ်ဝေးရပ်နီးမှ ဆရာ/ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးပါရန်။**

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော ဘေးထွက်ပစ္စည်း(၇)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပုံစံနှင့် လေလံစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၃-၂၀၁၃ ရက်မှ ၁၈-၃-၂၀၁၃ ရက်နေ့ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံများကို ၁၉-၃-၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီတွင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောလေလံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၇၃၂၁၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် **စဝ်စံထွန်းဈေးအတွင်း** (၁) ဈေးဆိုင်ခန်းငှားရမ်းခွင့်ကို မူလပိုင်ရှင်အမည် **ဒေါ်ခင်သက်**မှ **ဦးထွန်းထွန်းဝင်း** အမည်သို့ ပြောင်းလဲခွင့်အားလည်းကောင်း၊ (၂) ဈေးရုံ စ-၁၁၊ ဆိုင်ခန်းအမှတ်(၉)၊ ဈေးဆိုင်ခန်းငှား လိုင်စင်စာအုပ် ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်ထုတ်ပေးရန် ဒေါ်ခင်ဝင်း [၁၃/တကန(နိုင်)၀၂၅၇၂၆]မှလည်းကောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြ၍ ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရွှေခြသေ့်မင်းအမှတ်တံဆိပ်
အစာအိမ်လေနိုင်ဆေး
အစာမကြေ၊ လေထိုးလေအောင့်ခြင်း၊ အစားများပြီးအောင့်ခြင်း၊
အသားခံလွန်း၍ အောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း
ကွမ်းနှင့် လက်ဖက်ရည် အပြစ်အားသုံး၍ လေနာရောဂါ ခွဲကပ်နေသူများ
ရွှေခြသေ့်မင်း ကိုဆောင်ထား။
0311 YR 003593
ပင်ရင်း ရွှေခြသေ့်မင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး။
အမှတ်(၃၁၄)၃၈-၈၄လမ်းထောင့်မန္တလေးမြို့။ ၀၂-၇၂၂၅၈၊ ၀၉-၂၀၀၂၃၇၉

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/ ၅၀၄၈၂၊ အမျိုးအမည် Best-Bo 125 အမျိုးအစား ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်နှင်းယုယုနိုင် မှတ်ပုံတင်အမှတ် [၉/မကန(နိုင်) ၀၈၀၅၀၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ- ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/ ၂၆၁၆၃၊ Jialing JL 90 M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကြည်လှဟန် မှတ်ပုံတင်အမှတ်[၅/ကဘလ (နိုင်)၁၃၁၈၀၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/ ၂၉၅၁၄ အမျိုးအမည် Yamaha DT 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးဦး မှတ်ပုံတင်အမှတ်[၉/ မရမ(နိုင်)၀၈၉၃၂၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ- ၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

မန်လည်ဆရာတော်ကြီးကိုယ်တော်တိုင် ပန်းရန်သန်လျက်ကိုကိုင်ပြီး ထုလုပ်ခဲ့သည့် နှစ်ပေါင်း (၁၂၀)ကျော် သက်တမ်းရှိ ဆင်ရုပ်တုကြီး

မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ကျမ်းကြီးကို ပြုစုရေးသားတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ မကာရလောပအကျော် ကျေးဇူးတော်ရှင် ပထမ မန်လည်ဆရာတော်ကြီး ဦးဇဝနဟာ မန်လည်ပြာသာဒ်ကျောင်းကြီးအတွင်းရှိ တာဝတိံသာမဟာအဘယစေတီတော်ကြီးကို **သက္ကရာဇ် ၁၂၅၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် နံနက် ၇ နာရီတွင် ဆရာတော် သက်တော် (၅၁) နှစ် သိက္ခာတော် ၃၀ ဝါအရက တည်ထားတော်မူခဲ့ပါတယ်။**

ဒါကြောင့် ယခု ၁၃၇၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှာဆိုရင် စေတီတော်ကြီးဟာ နှစ်ပေါင်း (၁၂၀) သက်တမ်းကျော်ခဲ့ပြီဖြစ်ပါတယ်။ စေတီတော်ကြီးတည်တော့ ဆင်ရုပ်မနိုင်တဲ့ ပန်းရန်သမားတွေကို ဆရာတော်က ဒီလိုမိန့်ပါတယ်။

"ဟေ့ မင်းတို့ ဆင်ကြွန်လင်္ကာလေးများ မရကြဘူးလား။ ငါးခူလည် ငါးဖယ်ခုံး ငါးခုံးမမျက်လုံး ဆိုတာများ ကြားဖူးကြရဲ့လား။ ဆင်ရဲ့လည်ဟာ ငါးခူလည်လို ခပ်တုတ်တုတ်ရှိရမယ်၊ ဆင်ရဲ့ ကျောကုန်းဟာ ငါးဖယ်လို ခပ်ကုန်းကုန်းရှိရမယ်၊ ဆင်ရဲ့မျက်လုံးဟာ ငါးခုံးမမျက်လုံးလို နီရမယ်လို့ မိန့်ပြီး ဥကင်းဇော၊ ကိုယ်ပဋ္ဌ၊ နဝရှေ့နောက်ထား" ဆိုတဲ့ ဆင်ချိုးလင်္ကာကို ရွတ်ပြပြီး ဆရာတော်ကြီးကိုယ်တိုင် ပန်းရန်သန်လျက်ကိုကိုင်ပြီး ဆင်တစ်ကောင် ရုပ်တုကို ထုလုပ်ပြသခဲ့တယ်လို့ မှတ်သားရပါတယ်။ စေတီတော်ကြီးရဲ့ ရင်ပြင်တော် အရပ်လေးမျက်နှာမှာ ဆင်လေးကောင်ရုပ်တုများ ထားရှိပါတယ်။ ထိုဆင်လေးကောင်ရုပ်တုများအနက်မှ စနေထောင့်အရပ်မှ ဆင်ရုပ်တုကတော့ **"ဆင်ဆိုတာဟေ့ ဒီလိုရှိတယ်"**ဆိုပြီး ဆရာတော်ကြီးကိုယ်တော်တိုင် ပန်းရန်သန်လျက်ကိုင်ပြီး ဆင်ရုပ်တု ထုလုပ်ပြသခဲ့တာဟာ ယခုအခါမှာ အထင်အရှားရှိပါတယ်။

"စေတီတော်ကြီးရဲ့ရင်ပြင်တော် အရပ်လေးမျက်နှာမှာရှိတဲ့ ဆင်ရုပ်လေးကောင်ကို ရုတ်တရက်ကြည့်ရင် ဆင်တူမလိုရှိပေမယ့် စနေထောင့်အရပ်က ဆင်ရုပ်နဲ့ အစွယ်များ တပ်ဆင်ထားရာမှာ မတူပါဘူး"။ စနေထောင့်အရပ်က ဆရာတော်ကြီးကိုယ်တော်တိုင် သန်လျက်ကို ကိုင်ပြီး ထုလုပ်ခဲ့တဲ့ဆင်ရုပ်တုကို နောင်လာနောက်သားများ သိရှိကြရအောင် မှတ်မိစိမ့်သောငှာ **ဆင်အစွယ်ကို ကွန်ကရစ်ကျောက်အစွယ်နဲ့ အသိအမှတ်ပြု တပ်ဆင်ထားပါတယ်**။ ကျန်တဲ့ဆင်ရုပ်တုများရဲ့ အစွယ်များကိုတော့ သစ်သားနဲ့ ပြုလုပ်တပ်ဆင်ထားပါတယ်။

မန်လည်ဆရာတော်ကြီးကိုယ်တော်တိုင် ပန်းရန်သန်လျက်ကို ကိုင်ပြီး ထုလုပ်ခဲ့သည့် နှစ်ပေါင်း (၁၂၀) ကျော်သက်တမ်းရှိ ဆင်ရုပ်တု။

ထိုဆင်ရုပ်တုများဟာ စေတီတော်ကြီးနဲ့အတူ ပြီးစီးခဲ့တာပါ။ ဒါကြောင့် ဆင်ရုပ်တုများရဲ့ သက်တမ်းဟာလည်း ယခု ၁၃၇၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှာဆိုရင် နှစ်ပေါင်း (၁၂၀) သက်တမ်းကျော်ခဲ့ပြီဖြစ်ပါတယ်။

သတင်းစာ၊ စာဖတ်ပရိသတ်များ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်သို့ ရောက်ခဲ့လျှင် ဗဟုသုတအဖြစ် လေ့လာကြည့်ရှုနိုင်ရေးအတွက် ရေးသားလိုက်ရပါတယ်။ **(၂၃၃)**

စာပေဝါသနာရှင်တို့ရဲ့ ရေချမ်းစင်

ကျိုက်လတ် မတ် ၁၄

စာပေဝါသနာရှင် လူငယ်နှစ်ဦးမှ စတင်၍ ဝါသနာတူသူငယ်ချင်းများ ပေါင်းစုကာ ပြည်သူများ စာပေအသိပညာ တိုးပွားလာစေရန်နှင့် ဂျာနယ်စုံ ဖတ်နိုင်ရန်ရည်ရွယ်ပြီး ကျိုက်လတ်မြို့ (၈)လမ်းတွင် "စာပေရေချမ်းစင်" ကို ဖွင့်လှစ်ခဲ့သည်။**(ယာပုံ)**

ယခုအခါ အလှူရှင်များပေါ်ပေါက်လာပြီဖြစ်သည့်အတွက် နေ့ချင်းထွက် ဂျာနယ်များကို အနည်းဆုံး တစ်နေ့လျှင် လေးစောင်ခန့် တင်ပေးထားပြီး တစ်ပတ်ကို ဂျာနယ်အစောင်ရေ ၂၀ အထိ ခင်းကျင်းပေးနိုင်ခဲ့ပြီဖြစ်သည်။ တစ်ပတ်ဖတ်ပြီး ဂျာနယ်များကိုမူ ကျေးရွာများသို့ လက်ဆင့်ကမ်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(အသောက)**

ထပ်ဆင့်အသံ အကယ်ဒမီဆုရရှိသော ဦးဆန်းဦးအား မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ဌာနေ)မှ ဂုဏ်ပြုဆုလက်ဆောင်ချီးမြှင့်

မော်လမြိုင်ကျွန်း မတ် ၁၄

၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်အကယ်ဒမီဆုပေးပွဲတွင် ထပ်ဆင့်အသံအကယ်ဒမီဆုရရှိသော ဦးဆန်းဦး မော်လမြိုင်ကျွန်းမြို့နယ် ဇာတိဖွားအား မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ဌာနေ)မှ ဂုဏ်ပြုဆုလက်ဆောင်ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၂၀) အောင်ဆန်း (၅) လမ်းရှိ မြို့နယ်အသင်း(ဌာနေ)ခန်းမ၌ ကျင်းပသည်။

ယင်းဂုဏ်ပြုပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ဌာနေ)ဥက္ကဋ္ဌ ဦးသန်းမောင်က မော်လမြိုင်ကျွန်းမြို့နယ် ဇာတိဖွားထဲမှ ယခုကဲ့သို့ ထပ်ဆင့်အသံအကယ်ဒမီဆုရရှိသော ဦးဆန်းဦးအား မြို့နယ်အသင်း(ဌာနေ) ကိုယ်စား ဂုဏ်ပြုအမှာစကားပြောကြားပြီး ထပ်ဆင့်အသံအကယ်ဒမီဆုရရှိသော ဦးဆန်းဦးက ၂၀၀၉ ခုနှစ်တွင် 'အတိတ်၏အရိပ်' ရုပ်ရှင်ဇာတ်ကားဖြင့် အသံအကယ်ဒမီဆုရရှိခဲ့ပုံနှင့်၂၀၁၂ ခုနှစ် 'ပန်းကြာဝတ်မှုံ' ဇာတ်ကားဖြင့် အသံအကယ်ဒမီဆုရရှိပုံများကို အသေးစိတ်ရှင်းလင်းပြောပြသည်။

ထို့နောက် ဂုဏ်ပြုဆုပေးအပ်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အမှုဆောင်များက ထပ်ဆင့်အသံအကယ်ဒမီဆုရရှိသော ဦးဆန်းဦး (မော်လမြိုင်ကျွန်း)အား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းနှင့် ဆုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၃၆၄)**

"အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း"

ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်း ထားသော **ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက် (Rakhine Development Corporation Limited)** ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၄၂၀၁/ ၂၀၁၂-၂၀၁၃ ဖြင့် အများပိုင် ကုမ္ပဏီအဖြစ် ထူထောင်နိုင်ခြင်းအား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အများယုံကြည်အားကိုးရပြီး လုပ်ငန်းများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(1) Rakhine State Chamber of Commerce & Industry, Sittwe
(2) S.T. Shwe Thann Trading Co.,Ltd.
(3) Inn Pauk Wa Co.,Ltd.
(4) Rakhine Rice & Paddy Co., Ltd.
(5) Tai Lian General Gems Co.,Ltd.
(6) Zizawa Co.,Ltd.
(7) Device Services Co.,Ltd.
(8) Int'l Top Five Trading Co.,Ltd.
(9) Fortune Int'l & Engineering Co., Ltd.
(10) Myanmar Apex Bank
(11) Shwe Tupan Moe Htet Lyam Silk & Cotton
(12) Concordia International Co.,Ltd.
(13) Rammarwaddy Construction Co.,Ltd.
(14) Mrauk U Hteik Tan Rice & Paddy Co.,Ltd.
(15) Brave Men Int'l Co.,Ltd.
(16) Sein Pann Khinn Diamond Shop
(17) Apex Resource General Services Co.,Ltd.
(18) Vanguard BusinessServices & Consulting
(19) Asia Pacific Management Holdings Pty Ltd.
(20) Golden Orient Co., Ltd.
(21) City Star International Co., Ltd.
(22) Maygawaddy Travels & Tours Co., Ltd.
(23) Shwe Ngar Ice Factory & Fishery
(24) Royal Sun Mining & Constration Co.,Ltd.
(25) Dual Tech Co.,Ltd.
(26) Royal Pole Star Services & TradingCo.,Ltd.
(27) Ko Than Daing Auto Parts
(28) Aung Zaykabar Co., Ltd.
(29) Mrauk-U Princess Resort
(30) Golden Door Co., Ltd.
(31) Project Management Intl, California, USA
(32) Libralife Travels and Tours Co., Ltd.
(33) Rakhine Tharkyi Literature
(34) Zwe Construction Co., Ltd.
(35) Thar Thun Hla Logistics.
(36) M.O.A Trading Co., Ltd.
(37) Shwe Kyein Yeik Co., Ltd.
(38) Miba Myitta Clothes Shop
(39) Blue Ocean Operation Mgnt Co., Ltd.
(40) Ye' Tun Aung Clothes Shop
(41) Myanmar Si Sein Trading Co., Ltd.
(42) Tango Tour and Trek Co., Ltd.
(43) Lubyan Tea Leave Trading
(44) Supreme Group of Companies.
(45) Aung Than Soe Co., Ltd.
(46) Yadana Nyein Chan Gem
(47) San Thit Thazin Co., Ltd.
(48) Yoma Yaung Chi Co., Ltd.
(49) Civil Tech Co., Ltd.
(50) Moe Auto Parts

အိမ်ရောင်းမည်
တိုက်ခန်း 20'x40'
ဖုန်း - 0973207512

ဒီဇယ်တောက်ဆီ

ကလေးနာမည်ပေး
(LL.B.)
01-394727, 01-399426
09-73009994

Golden Hope
703220 , 09 73124222

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

သည်ဝေဖန်ချက်ကိုမူ ဦးမြင့်နွယ်က မငြင်း။

"နှလုံးသားမှာ မျှော်လင့်ချက် ပြည်ဖုံးကားချထားတဲ့ လူတစ်ယောက်ယောက်အတွက် ဆရာ တရားဟောထားတာ၊ ဆရာ့သီချင်းက ဆရာပြောတဲ့ စကားလိုပဲ"

"ဘယ်လို ဆရာပြောတဲ့ စကားလိုပဲလဲ"

"ခုနင်ကတောင် မွန်မွန် ထပ်ပြောသေးတယ်၊ ဒီလောကကြီးဟာ ထင်သလောက် မဆိုးရွားပါဘူး ဆိုတာလေ"

ဦးမြင့်နွယ်က ပြုံးရုံပြုံးနေ၏။

"ဆရာက ဒီလိုပဲ ယုံတယ်နော်"

"အဲဒီလို မယုံလို့ ဘယ်လိုယုံရမှာလဲ မွန်မွန်"

"ဆရာ ဒုက္ခတစ်ခုခု မတွေ့ဖူးဘူးလား"

"တစ်ခုမဟုတ်ပါဘူး မွန်မွန်၊ နှစ်ခုလည်း မကပါဘူး၊ ဒုက္ခဆိုတာဟာ ဘာလဲလို့ ဆရာ ကောင်းကောင်းနားလည်ခဲ့ပါတယ်"

"ဒါနဲ့တောင် လောကကြီးဟာ မဆိုးပါဘူးလို့ ဆရာပြောတယ်"

"ပြောရတယ် မွန်မွန်၊ လောကကြီးနဲ့ ကိုယ်ဆိုတာကို ဆရာက အသင့်အတင့် ခွဲကြည့်တတ်လို့ပါပဲ၊ ဒီစကားကို မွန်မွန် နားလည်သလား"

"ဟင့်အင်း"

"လောကကြီးမှာ ဒုက္ခအကြောင်းတွေရှိတယ်၊ သုခအကြောင်းတွေလည်း ရှိတယ်၊ မမြဲဘူးဆိုတဲ့ တရားဟာ မျက်နှာလိုက်မှုမရှိဘူး၊ သုခအကြောင်းတွေ မမြဲသလို ဒုက္ခအကြောင်းတွေဟာလည်း မမြဲဘူး၊ အဲဒါက လောက၊ တစ်စုံတစ်ရာကိုမြဲတယ်လို့ ထင်မိတာက ကိုယ်၊ ကိုယ့် ဥပါဒါန်၊ ဩော် . . . မွန်မွန့်သီချင်းမှာတောင် ပါသေးတာပဲ၊ ဘာတဲ့ . . . သမုပ္ပါဒ နောက်ကြောင်းငင် မိုးနတ်မောင် ဥပါဒါန်လုလင် ဆိုတာလေ"

"ဒါဖြင့်"

မွန်မွန်သည် တစ်စုံတစ်ရာ မေးမည်ပြုပြီးမှ ရပ်သွား၏။

"ဒါဖြင့် ဘာဖြစ်လဲ၊ ဆက်ပြောလေ"

မွန်မွန်သည် မဆီလျော်ဘဲ ရယ်၏။

"ဘာရယ်လို့ မဟုတ်ပါဘူး၊ မွန်မွန်က တွေးကြည့်တာပါ၊ ဟိုဒင်း . . . လူတစ်ယောက်မှာ ဥပါဒါန်ရှိတယ်ဆိုပါတော့၊ အဲဒီ ဥပါဒါန်ကို ဘယ်လိုလုပ် ဖျောက်မလဲ"

"ခန္ဓာငါးပါးရဲ့လက်သည် ဥပါဒါန်ကြီးကိုတော့ ဝိပဿနာတရားက ဖျက်ပေးတယ်၊ ဥပါဒါန် အသေးလေးတွေကိုတော့ စိတ်ပညာက ဖျက်ပေးတယ်"

"တကယ်"

"တကယ်ပါ မွန်မွန်၊ ဩော် . . . ဟိုတစ်နေ့က ဆရာ့ကိုယ်ဆရာ ဗောဓိကုန်းနားက စိတ္တသုခ ဝပ်ရှော့က မက္ကင်းနစ်လို့ ပြောခဲ့တာ မှတ်မိသေးလား"

"လာပြန်ပြီ၊ ဒီ စိတ္တသုခ ဝပ်ရှော့"

"ဆရာက တင်စားမှုနဲ့ အမှန်ပြောလိုက်တာပါ၊ မန္တလေးတက္ကသိုလ်က ဗောဓိကုန်းနားမှာရှိတာ၊ တက္ကသိုလ်က ဆရာတို့ စိတ်ပညာဌာနဟာ စိတ္တသုခ ဝပ်ရှော့ပါပဲ၊

"လောကကြီးမှာ ဒုက္ခအကြောင်းတွေရှိတယ်၊ သုခအကြောင်းတွေလည်း ရှိတယ်၊ မမြဲဘူးဆိုတဲ့ တရားဟာ မျက်နှာလိုက်မှုမရှိဘူး၊ သုခအကြောင်းတွေ မမြဲသလို ဒုက္ခအကြောင်းတွေဟာလည်း မမြဲဘူး၊ အဲဒါက လောက၊ တစ်စုံတစ်ရာကိုမြဲတယ်လို့ ထင်မိတာက ကိုယ်၊ ကိုယ့် ဥပါဒါန်၊ ဩော်...မွန်မွန့်သီချင်းမှာတောင် ပါသေးတာပဲ၊ ဘာတဲ့ ...သမုပ္ပါဒ နောက်ကြောင်းငင် မိုးနတ်မောင် ဥပါဒါန်လုလင် ဆိုတာလေ"

စိတ်ချို့ယွင်းမှုလေးတွေကို တတ်နိုင်သမျှ ပြုပြင်ပေးနေတဲ့ ဝပ်ရှော့ပါ"

"ဆရာတို့ အဲဒီလို ပြုပြင်ပေးလို့ရလား"

"ရပါတယ် မွန်မွန်"

မွန်မွန်က သူ့ကို အကဲခတ်ဟန် စူးစူးလေး စိုက်ကြည့်နေ၏။

ထိုစဉ် အိမ်ရှေ့၌ ကားတစ်စီးရပ်သံ ကြားရ၏။ လူသံသူသံများလည်း ကြားရသည်။

မွန်မွန်က ထိုင်ရာမှမလှုပ်ဘဲ "အဲဒါ ဒက်ဒီတို့ ပြန်လာတာ"ဟု ဆိုသည်။

တစ်ဖက်ခန်းတွင်းသို့ လူများ ဝင်လာသံ ကြားရသည်။ ရယ်သံများကလည်း ကျယ်ကြ၏။ မွန်မွန်၏ မျက်မှောင်လေးသည် သတိထားမှ မြင်ရုံ အနည်းငယ် ကြုတ်နေသည်ကို တွေ့ရ၏။

ဆက်နေသော အခန်းဝ၌ လူတစ်ဦး ပေါ်လာ၏။

"သမီး မွန်မွန် နေကောင်းရဲ့လား၊ ဩော် . ."

ဝင်လာသူသည် မွန်မွန့်ကို နှုတ်ဆက်ရာမှ ဦးမြင့်နွယ်ကို မြင်သွား၍ စကားရပ်သွား၏။

"ဒက်ဒီ ဒါ . . . ဆရာ ဒေါက်တာဦးမြင့်နွယ်၊ မွန်မွန် ပြောတာလေ"

မွန်မွန့် ဖခင်က "ဩော် . . . ဟုတ်ပါရဲ့၊ ဆရာ့အကြောင်း မွန်မွန်က ပြောပြပြီးပြီ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ဂေါက်ကွင်းမှာလည်း တွေ့ဖူးကြသားပဲ"ဟု တစ်ဆက်တည်းပြောကာ လက်ကမ်းပေး၏။ ဦးမြင့်နွယ်ကလည်း နေရာမှထပြီးကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်သည်။

"အတော်ပဲ ဟိုဘက်ခန်းမှာ ကလပ်မိတ်ဆွေတွေ ပါလာတယ်၊ ဦးမြင့်နွယ် ကျွန်တော်တို့နဲ့ ဂျိုင်းပါလား"

ဦးနေအောင်သည် မွန်မွန့်ဘက်သို့လည်း လှည့်ပြော၏။

"သမီးရဲ့ . . . အဲ . . . ဆရာကို ဒက်ဒီ ခဏ ဟိုဘက်ခေါ်သွားမယ်နော်"

မွန်မွန်က ရုတ်တရက်မဖြေ၊ ဦးမြင့်နွယ်က ဝင်ပြောသည်။

"ဆရာ ခဏလိုက်သွားမယ် မွန်မွန်၊ ပြီးတော့ ဆရာပြန်လာခဲ့မယ်၊ ဆရာက မွန်မွန့် ဧည့်သည်ဆိုတာ မေ့မသွားပါဘူး"

ဦးနေအောင်က အော်ရယ်၏။

"ဟား . . . ဟား . . . ဆရာက ဘယ်ဆိုးလို့လဲ၊ မွန်မွန့်စည်းကမ်းတောင် နားလည်နေပြီ"

ဦးမြင့်နွယ်က မွန်မွန့်ကို ကြည့်နေ၏။ မွန်မွန်က ပြုံးလိုက်ပြီး . . . "လိုက်သွားပါ ဆရာ၊ မွန်မွန်က မတားပါဘူး"ဟုဆိုသည်။

မွန်မွန်၏ စကားလေးတွင် အဓိပ္ပာယ်တစ်မျိုးပါနေပြန်မှန်း ဦးမြင့်နွယ် သတိထားမိပြန်၏။

ဦးမြင့်နွယ်သည် ဦးနေအောင်နောက်သို့ လိုက်ခဲ့၏။

တစ်ဖက်ခန်းရှိ လူငါးဦးမှာ အားလုံးဂေါက်ဝတ် ဂေါက်စားနှင့် ဖြစ်ကြ၏။ မသိသေးသော်လည်း အားလုံးလိုလိုကိုဦးမြင့်နွယ် မြင်ဖူးပြီး ဖြစ်နေ၏။

ဦးမြင့်နွယ်ကို တစ်ဦးစီနှင့် ဦးနေအောင်က လိုက်မိတ်ဖွဲ့ပေး၏။

အားလုံးက ဘားကောင်တာရှေ့ ခွေးခြေများပေါ်တွင် ထိုင်ကြသောကြောင့် ဦးမြင့်နွယ်ပါ ဝင်ထိုင်သည်။

ကောင်တာနောက်၌ ဦးမြသာ ရှိနေသည်။ သို့ရာတွင် ဦးနေအောင်က အတွင်းသို့ဝင်သည်။

"ကဲ ဘာသောက်ကြမလဲ"

တစ်ဦးက 'ဘီယာ'ဟု အော်သည်။ တစ်ဦးက 'ဝီစကီ အင်ဆိုဒါ'ဟု အော်၏။ ကျန်သုံးဦးက 'မာတီနီဒရိုင်း'ဟု ပြိုင်တူအော်ကြ၏။

"ဘီယာနဲ့ ဝီစကီကတော့ မြသာရေ မင်းပဲထည့်ပေးလိုက်၊ မာတီနီတော့ ငါကိုယ်တိုင် စပ်မယ်"

ဦးနေအောင်သည် သတိရဟန်ဖြင့် ဦးမြင့်နွယ်ဘက် လှည့်မေး၏။

"ဆရာကော ခင်ဗျ"

အရက်သောက်သူများရှေ့ အရက်မသောက်ကြောင်း ပြောရသည်မှာ အားနာဖို့ကောင်း၏။ သို့ရာတွင် မတတ်နိုင်။

"ကျေးဇူးတင်ပါတယ် ဦးနေအောင်၊ ကျွန်တော် အရက်မသောက်ပါဘူး"

"ဟောဗျာ၊ ဒီလိုဆို ဆရာ့ဟာ ပျင်းစရာကြီးဖြစ်နေမှာပေါ့၊ ဘီယာလောက်တောင် မလုပ်ဘူးလား"

"မလုပ်ပါဘူး၊ ဒါပေမယ့် အများနဲ့ရောပြီး ကျွန်တော် ပျော်တတ်ပါတယ်"

အသက်လေးဆယ်ကျော်ခန့် တစ်ဦးက ဦးမြင့်နွယ်၏ပခုံးကို ရင်းရင်းနှီးနှီးပုတ်ပြီး ပြော၏။

"ဆရာ ဖြေတာကြားတော့ ချာချီနဲ့ မောင်ဂိုမာရီ ပြောကြတာ သွားသတိရတယ်"

သိပြီးဖြစ်သော်လည်း ယဉ်ကျေးမှုအရ ဦးမြင့်နွယ်က "ဟုတ်ကဲ့ ဆိုပါဦး"ဟု တိုက်တွန်းသည်။

"ချာချီကမေးတော့ မောင်ဂိုမာရီက၊ အရက်လည်း မသောက်၊ ဆေးလိပ်လည်း မသောက်ကြောင်းဖြေတယ်၊ မုဆိုးဖိုဆိုတော့ မောင်ဂိုမာရီမှာ မိန်းမလည်းမရှိဘူး၊ ဒီတော့ ချာချီကမေးတယ်၊ ဒီလောကကြီးမှာ မင်း ဘာပြုလို့ အသက်ရှင်နေတာလဲတဲ့"

ဦးမြင့်နွယ်က ရယ်၏။

"အင်း . . . ဒုက္ခပဲ၊ ကျွန်တော့်လည်း မိန်းမ မရှိဘူး"

တစ်ခုံကျော်မှ အသက်အစိတ်ခန့် တစ်ဦးက ဝင်ပြော၏။

"ဘာလဲ ဦးချစ်ဦး၊ ခင်ဗျားက သွယ်ဝိုက်ပြီး ဆရာဦးမြင့်နွယ်ကိုလည်း ဒီလိုပဲ မေးတယ်ပေါ့"

"မဟုတ်ရပါဘူး ကိုထိန်ဝင်းရာ၊ ဆက်နားထောင်ပါဦး၊ မောင်ဂိုမာရီက သူက အရက်မသောက်၊ ဆေးလိပ်မသောက်လို့ ကျန်းမာရေးမှာ ရာခိုင်နှုန်းတစ်ရာအပြည့်လို့ပြောတယ်၊ ချာချီက ပြန်ဖြေတယ်၊ သူအရက်သောက်တယ်၊ ဆေးပြင်းလိပ် သောက်တယ်၊ ကျန်းမာရေးမှာ ရာခိုင်နှုန်း နှစ်ရာအပြည့်တဲ့၊ ချာချီ ဘယ်လောက် အလုပ်လုပ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ အသိသားပဲ"

"ဆိုလိုတာက ခင်ဗျား ဆရာဦးမြင့်နွယ်ထက် သာနိုင်တယ်ပေါ့၊ ကဲ . . . ခင်ဗျား ဟန်ဒီကက်ပ်က ဆယ့်ခြောက်၊ ဒါ . . . ကျွန်တော်တို့ သိတယ်၊ ဆရာဦးမြင့်နွယ်ကကော ဟန်ဒီကက်ပ် ဘယ်လောက်လဲ"

"ရှစ်ပါ "

အားလုံးသည် 'ဝိုး'ဟု အော်ကာ ဦးမြင့်နွယ်ကို ဝိုင်းကြည့်ကြသည်။

ငွေဘူးထဲတွင် မာတီနီနှင့် ရေခဲမှုန်လေးများကို သမအောင် လှုပ်နေရာမှ ဦးနေအောင်က လှမ်းမေးသည်။

"ဆရာ အရင်က ဘယ်ကွင်းကစားခဲ့လဲ၊ ရန်ကုန်က ပြောင်းလာတာတော့ သိတယ်လေ၊ ဘားမားကလပ်လား၊ ရန်ကင်းကလပ်လား"

(ဆက်လက်ဖော်ပြပါမည်)

(15-3)17.pmd 1 3/13/2013, 8:10 PM

ကရုဏာစင်တာ ပညာ ကျန်းမာ ထောက်ပံ့စောင့်ရှောက်မှု ပါဝင်လှူဒါန်းနိုင်
“ဆင်းရဲနေရာ၊ ရွေးချယ်ကာ၊ လှူပါစွမ်းသမျှ”

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက်ဆရာတော် အရှင်တိက္ခ ဦးဆောင်ဖွင့်လှစ်ထားသော ကရုဏာစင်တာမှ ကြင်နာစွေးထွေးမှုဖြင့် ၂၀၀၇ ခုနှစ်မှစ၍ ကျေးလက်တောရွာတွင် လူမျိုး/ဘာသာမရွေး ဆင်းရဲနွမ်းပါးသည့် (၈၊ ၉၊ ၁၀) တန်း ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်/ကောလိပ် ကျောင်းသား၊ ကျောင်းသူများနှင့် တောင်စွန်းဆေးရုံ၊ ဘီးလင်းဆေးရုံတို့၌ တက်ရောက်ကုသနေသောလူနာများအား ငွေကြေးများ လစဉ်ထောက်ပံ့ စောင့်ရှောက်လျက်ရှိရာ ပညာရေးပဒေသာပင် တစ်ပင်လျှင် (၅၀၀၀)ကျပ်၊ ကျန်းမာရေး ဆေးပဒေသာပင် တစ်ပင်လျှင် (၁၀၀၀၀)ကျပ် စသည်ဖြင့် အလှူတော်ငွေများကို အချိန်အခါမရွေး အောက်ပါဌာနများသို့ ဆက်သွယ်ပါဝင် လှူဒါန်းနိုင်ကြပါသည်။

၁။ ဝိဝေကာဝါသကျောင်း၊ တောင်စွန်း၊ ဖုန်း-၀၅၇-၆၆၃၀၆၊ ၀၉-၈၆၂၆၉၉၈

၂။ မင်းလှမမွှေရိပ်သာကျောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းဈေးအနီး၊ ဖုန်း-၀၉ ၄၂၀၄၆၃၃၂၊ ၀၉ ၄၃၁၁၆၅၈၀၊ ၀၉ ၄၉၂၇၅၇၉၅

၃။ ကမ္ဘောဇဘဏ်(ရွှေဂုံတိုင်ဘဏ်ခွဲ)၊ အရှင်တိက္ခ (၀၀၇၁၂၁၀၂၀၇၃၅၄)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကိုမြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	ပိတ်ရက်
1/	15(T)3/MR (E) 12-13(Euro)	Raw material for Concrete Sleeper Production (5)Items (7mm Ø P.C Wire,4mm Ø M.S Wire Iron Shoulder,ABS Plastic, Colour Material (Black)	5-4-2013 12:00Hrs
2.	12(T)34/MR(ML/ISN) 12-13(Kyat)	Spare Parts for D.E.L(2000HP Alstom) (239)Items	10-4-2013 12:00Hrs
3.	12(T)35/MR (ML/ISN) 12-13(Euro)	Spare Parts for D.E.L(2000HP Alstom) (317) Items	26-4-2013 12:00 Hrs

၂။ တင်ဒါပုံစံများကိုအောက်ဖော်ပြပါဌာနတွင် ၁၃-၃-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၁၉၈၅၊ ၂၉၁၉၉၄

EMERALD MYANMAR ၏ Travels & Tours April 12

တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ကုံလုံ ၄ည/၅ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး ၄ည/၅ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် ၅ည/၆ရက်

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

SH မြင့်သူထက် YU

နိုင်ငံခြားရေး | အား/ကာ၊ ပညာရေး | စာရင်းစစ်ချုပ်
အလုပ်သမားရေးရာ | နယ်စပ်ရေးရာ | ဆောက်လုပ်ရေး
ရသုံးမှန်းခြေအာမခံ | ဗဟိုဘဏ် | ပို့ဆောင်ရေး
မြန်မာစာ ကျက်ရန်မလို | အင်္ဂလိပ် (Essay,for/ aganist)အဓိကအပြတ်
ဗဟုသုတ - ပြည်တွင်း/ပ (၇)ပုဒ်စီ ၀၉ ၇၃၀၂၁၈၄၂ ၀၉ ၇၃၀၀၈၇၁၉

တိုက် (၂၉) ၅လွှာ လှည်းတန်းလမ်းမလှည်းတန်းမီးပွိုင့်အနီးကမာရွတ်မြို့နယ်ရန်ကုန်မြို့။

လုပ်ငန်းသုံးတံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) လမ်း၊ (၁) ရပ်ကွက်၊ အမှတ်၁၁၀၄၊ နေ ဦးအောင်မင်း (၁၂/မရက (နိုင်) ၀၆၂၀၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

The Palm

Reg: ၄/ ၂၀၀၀/ ၂၀၁၃

အထက်ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို စားသောက်ဆိုင်လုပ်ငန်း ခရီးသွားလာရေးလုပ်ငန်း ဟိုတယ်လုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ရာတွင် အရောင်အမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပုံဖော်ပြုလုပ်၍လည်းကောင်း၊ ယင်းဒီဇိုင်းပုံများ၏ အောက်တွင် "of Yangon" ၊ "of Naypyitaw" စသည်ဖြင့် ကုမ္ပဏီဆိုင်ခွဲများတည်ရှိရာ မြို့များ၏ အမည်အသီးသီးကို ဒီဇိုင်းရေးဆွဲဖော်ပြလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုလုပ်ကိုင်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက်မရယူဘဲ မည်သူမဆို ဆင်တူယိုးမှား သို့မဟုတ် ထင်ယောင်ထင်မှား တုပလျက် မှန်မကန် သုံးစွဲ၍ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေး လုပ်ငန်း ဟိုတယ်လုပ်ငန်းများနှင့်တကွ မည်သည့်ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားမဆိုတွင် အသုံးပြုရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်း နှင့် ပြစ်မှုကြောင်းများဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးထင်အေး B.Sc., H.G.P., R.L.,D.B.L, D.M.L.,D.I.L.,D.A.Psy.
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ်-၁၅ သိမ်ဖြူလမ်း အင်းမင်းရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉၁၁၀၈၁၇၄

တတိယအကြိမ်ယဉ်ကျေးလိမ္မာသင်တန်း

၃၅-လမ်း၊ မွေ့ရုံသီတာရုံ၌ အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန်တိုက်) ဆရာတော်မှ ဦးစီး၍ ၂၆-၃-၂၀၁၃ မှ ၁၀-၃-၂၀၁၃ (၅)ရက် သင်တန်းပို့ချပါမည်။ ၂၀-၃-၂၀၁၃ နေ့တွင် သင်တန်းဝင်ခွင့်လက်ခံပါမည်။ နှစ်စဉ်ကျင်းပမြဲတိုင်း နံနက်စာဖြင့် ကျွေးမွေး၍ နံနက် (၇း၃၀) နာရီမှ (၁၁း၀၀)နာရီ သင်ကြားပါမည်။

စုံစမ်းရန် → ဦးရဲထွန်း (၀၉၅၅၀၃၃၃၁)၊ ဦးကိုလေး (၀၉၈၅၅၂၀၄၉)
ဦးသန်းအောင် (၀၉၇၃၀၀၀၇၁၅)၊ ဦးမြင့်ဇော်သိန်း (၀၉၄၂၁၀၇၃၅၅၂)

GO Golden Orbit Int'l Travels
Travels & Tours

ဗန်ကောက် - အယုဒ္ဓယ - ပတ္တရား	5N6D – 670$
ဗန်ကောက် - ဖူးခက်	4N5D – 980$
စင်ကာပူ - မလေးရှား	7N8D - 1250$
ချင်းမိုင် - ချင်းရိုင် - ရွှေတြိဂံ	3N4D - 580$
ကမ္ဘောဒီးယား - ဗီယက်နမ်	6N7D – 1150$

01 - 51 51 38 , 01- 530 910 , 09 731 48112
(29 –A) နိုင်ရွှေပါလယ်တိုက် ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန် ၊
Air Ticket ,Visa ,D-form ,Car Rental , Hotel

၂၀၁၃ - ခုနှစ် သင်္ကြန်ခရီးစဉ်
ထားဝယ်ရှင်ကိုးဆူ နှင့် ကော့သောင်း (ရနောင်း)
၁၂ - ၄ - ၂၀၁၃ မှ ၂၀ - ၄ - ၂၀၁၃ ထိ
သုခပိန်ဆောင် ၀၁ – ၂၅၁၀၅၉ / ၀၉ ၅၁၅၅၆၄၄

SKY RAY Travels & Tours

- တောင်ကြီး--အင်းလေး--ပင်းတယ--ကလော Mar-23;Apr-12,13
- မန္တလေး--မုံရွာ--အခေါင်တော်ကသော Mar-23;Apr-12,13 (Win Unity Hotel တွင်တည်းခိုမည်)
- မန္တလေး--ပြင်ဦးလွင်--မူဆယ်--ရွှေလီ--မန်စီ Apr-12,13

Tel : 09-421000523, 09-421000524, 09-448008610

ပန်းတိုင် (ကျော်) အုပ်စု ဝန်ဆောင်မှုကုမ္ပဏီလီမိတက် မှ
အလှူရှင်ကမှည်းများအား ၁၂၀၀၀ကျပ်နှင့်
၆၅၀၀ ကျပ်ဖြင့်
အိမ်/ခြံနံပါတ်များအား စတီးရွှေ/ငွေ/ကြေးပြားများဖြင့် ပြုလုပ်ပေးနေပါသည်။
အမှတ်(၂၁၀)ပ-ထပ်၊ အနော်ရထာလမ်းမ၊ ဗိုလ်ချုပ်ဆက်လမ်းထိပ်၊ ☎ ၀၉-၅၀၂၆၅၃၃၊ ၀၉-၅၅၃၁၃၄၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၅)၊ မြေကွက်အမှတ်(၁၁၀)၊ မြေအမျိုးအစား(ဘီ)၊ လ/န၃(ခ)၊ ဧရိယာ(၁. ၀၅၈)ဧကအနက်မှ ဧရိယာ(၀. ၂၇၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၅)၊ လေဆိပ်လမ်းသွယ်(၂)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းယဉ်[၁/မညန(နိုင်)၀၈၆၅၀၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးထင်ကျော်	**ဒေါ်သက်လေးချို**
B.Sc.,H.G.P.,R.L	**LL.B,D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)	**အထက်တန်းရှေ့နေ(စဉ်-၃၁၄၂၄)**

အမှတ်-၁၃၈(ပထပ်)၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

သီရိအောင်ဇမ္ဗူသိမ်တော်ကြီး
ရေစက်ချမင်္ဂလာဖိတ်ကြားခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်းရှိ သရက်ပင်ကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးပြီဖြစ်သော သီရိအောင်ဇမ္ဗူသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို (၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်)၊ မတ်လ၂၄ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီမှ စတင်ကျင်းပပြီး မွန်းတည့်(၁၂)နာရီတွင် ရေစက်ချတရားနာယူမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှအလှူရှင်များနှင့် ဒကာ၊ ဒကာမအပေါင်းတို့သည် ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သိမ်တော်ကြီးဖြစ်မြောက်ရေးအဖွဲ့
သရက်ပင်ကျောင်းတိုက်၊ သန်လျင်မြို့

အ.ထ.က(၂)ကမာရွတ် (ယခင် စိန့်ဩဂတ်စတင်း)
(၁၉၇၅-၂၀၁၃)ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

အ.ထ.က(၂)ကမာရွတ်တွင် ၁၉၇၅ မှ ၂၀၁၃ အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) တပေါင်းလပြည့်နေ့၊ ညနေ ၆-နာရီတွင် M3 Food Centre ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများအမြန်ဆုံးဆက်သွယ်၍ အလှူငွေများလှူဒါန်းနိုင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်-

- ဦးကျော်တင့်(နေပြည်တော်ကျွဲအမြောက်)	၀၉-၄၉၂၀၀၅၄၁	(၁၉၇၆)
- ဒေါက်တာသန့်ဇင်ဝင်း	၀၉-၇၃၁၇၀၈၈၄	(၁၉၈၂)
- ဦးရဲကျော်သူ	၀၉-၇၃၀၈၆၁၃၇	(၁၉၈၃)
- ကိုသန့်ဇော်ဦး	၀၉-၅၁၃၃၁၅၆	(၁၉၈၄)
- ကိုရဲနိုင်အေး	၀၉-၅၁၀၃၅၂၉	(၁၉၈၅)
- နွှန်ပြည့်အေး	၀၉-၅၁၆၉၇၂၈	(၁၉၉၀)
- အောင်နနု	၀၉-၅၁၆၀၉၀၅	(၁၉၉၀)
- စိုင်းစိုးထွန်းဦး	၀၉-၅၁၇၇၇၅၇	(၁၉၉၀)
- ကောင်းငြိမ်းစိုး	၀၉-၄၃၀၉၄၃၁၇	(၁၉၉၂)
- သက်မောင်မောင်လွင်	၀၉-၅၄၀၈၂၈၂	(၁၉၉၃)
- သက်ထင်ဦး	၀၉-၅၁၅၀၈၅	(၁၉၉၃)
- မျိုးမင်းသူကျော်	၀၉-၇၃၁၈၆၈၆	(၁၉၉၅)
- သက်စုအေး	၀၉-၄၃၀၂၆၈၁၁	(၁၉၉၆)
- ဝင့်အောင်	၀၉-၅၁၄၄၉၅၈	(၁၉၉၇)
- နိုင်းမေယုလွင်	၀၉-၄၃၃၃၉၉၉၀	(၁၉၉၇)
- ဝေဇာလှိုင်	၀၉-၅၀၆၁၁၆၆	(၁၉၉၈)
- အောင်သီသီမော်	၀၉-၅၀၃၆၆၇၅	(၁၉၉၉)
- အမိုး(သိန်းအောင်ဇော်)	၀၉-၄၃၀၂၁၉၁၇	(၂၀၀၃)
- ကျော်ဆုအေး	၀၉-၅၀၇၈၂၃၂	(၂၀၀၄)
- ဘုန်းမြတ်ကျော်	၀၉-၅၁၈၂၁၇၇	(၂၀၀၅)
- စိုးမင်း	၀၉-၇၃၀၁၆၁၅၉	(၂၀၀၆)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဝင်းသက်ဦး၏ P.P.No.762459 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉၄၄၈၀၁၇၆၆၈

ပြောင့်စင်းလှပစိတ်တိုင်းကျရမည်...

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount(15000/-Ks)
- ဗယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်၊ မေးရှားလက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)၁၃၄ပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

တောင်းပန်အပ်ပါသည်။

ကျွန်မ မမြမြသိမ်း(၁၂/ပဇတ(နိုင်)၀၀၁၈၀၁)အမှတ်(၁၆)(၅)လွှာ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေသူမှ ဒေါ်ကြည်သာမွန်(၁၂/မဂတ(နိုင်)၀၇၉၉၂၁)၊အမှတ်(၁၄၂/၁၀)၊ (၄)ရပ်ကွက်၊ဗိုလ်တထောင်ဘုရားလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူအား ဒေါ်ကြည်သာမွန်၏ နောက်ကွယ်တွင် ၎င်း၏ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းအောင် သူငယ်ချင်းများသို့ ပြောဆိုမိသည့်အတွက် ကာယကံရှင်ဒေါ်ကြည်သာမွန်နှင့်တကွ သူငယ်ချင်းများအား သိစေရန်တောင်းပန်အပ်ပါသည်။

မမြမြသိမ်း(၁၂/ပဇတ(နိုင်)၀၀၁၈၀၁)

မွေးနေ့ရက်မြတ် မင်္ဂလာဆုတောင်း

ဦးညွန့်တင်

လက်ထောက်ညွှန်ကြားရေးမှူး(အငြိမ်းစား)-မော်ကွန်းရုပ်ရှင်ရုံးခွဲ

မြန်မာ့ရုပ်ရှင်လုပ်ငန်း-ပြန်ကြားရေးဝန်ကြီးဌာန

Foreign Correspondent, Fuji Television Network Inc., Bangkok Bureau

ကျေးဇူးရှင်ဖခင်ကြီး **ဦးညွန့်တင်**၏ ၁၅-၃-၂၀၁၃ ရက် မွေးနေ့မင်္ဂလာရက်မြတ်တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ဖေဖေချစ်သော မိသားစုနှင့်အတူ ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။

ချစ်သားကြီး - တင်မောင်ဝင်း-ဝင်းဝင်းအေး

ချစ်သမီး - ဇော်မိုးထွန်း- အိအိတင် (Foreign Correspondent, Fuji Television Network Inc., Bangkok Bureau)

မြေးချစ် - ပြည့်မိုး - B.C.Sc (University of Computer Studies, Yangon, Myanmar) Aveda Institute, New York, USA.

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း၊ ခုံးကျော်တံတားအနီး

စုပေါင်းလှူဒါန်းပွဲ

ညောင်တုန်းမြို့၊ သမိုင်းဝင်မိုးဟုတ်စေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းတော်ကြီးလောင်းလှူပွဲကို (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်နေ့)၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင်လည်းကောင်း၊ အတုလမာရဇိန်ကြေးသွန်းဘုရားကြီး မျက်နှာတော်သစ်ရောင်တော်ဖွင့်ပွဲကို ယင်းနေ့ နံနက် ၅ နာရီ တွင်လည်းကောင်း၊ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)သည် မြို့ခံကလျာဏမိတ်ဆွေများနှင့်အတူ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများအနေဖြင့် ပူးပေါင်းပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

တစ်ရက်ကြိုတင်လိုက်ပါသူများအတွက် အသင်းတိုက်စုရပ်မှ မော်တော်ယာဉ်များဖြင့် သွားရောက်ရန်စီစဉ်မည်ဖြစ်ပါ၍ ၂၀-၃-၂၀၁၃ရက် နောက်ဆုံးထား၍ စာရင်းပေးရန်နှင့် လိုက်ပါလိုသူများသည် ဦးစိုးဝင်းဖုန်း-၀၉-၇၃၀၃၇၄၉၆၊ ဦးအေးကျော် ဖုန်း-၀၉-၅၁၁၄၁၂၅၊ ဦးခင်မောင်ရင် ဖုန်း-၀၉-၅၀၄၉၉၈၃၊ ဦးစံမြိုင် ဖုန်း-၀၉-၇၃၀၃၁၇၆၈၊ ဒေါ်မြမြနှင်း ဖုန်း-၀၁-၅၂၅၂၀၇ တို့သို့ ဆက်သွယ်ကြပါရန်။

အမှုဆောင်အဖွဲ့

ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငိုကိုပ်(၂)လမ်းရှိ မြေညီထပ်မှဒါတာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးနှင့်တစ်လျှက်) အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။

09-5401011, 09-73095677

ရောင်းမည်

အမှတ် (၁၄၁)၊ အင်္ဂါဝိုင်လမ်း၊ ထယ်တိကွင်း၊ ဟသာတမြို့၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ဆင်ဝင်အိမ်တစ်လုံးပါ။

မြေအကျယ် (၀.၅) ဧကဘတ်လုပ်ငန်း၊ ပွဲရုံလုပ်ငန်းများလုပ်ရန် အတွက် နေရာကောင်း။

သိန်း ၆၅၀ (ညှိနှိုင်း)

Ph : 09 73112050

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက်

PRE-UNIVERSITY ORIENTATION COURSE

MCC.i မှ ဇွန်လတွင် ဖွင့်လှစ်မည်

နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက် အကြိုသင်တန်း

- Opening Date: 25 March 2013 -

- B.Sc (Hons) Business IT ကွန်ပျူတာသိပ္ပံဘွဲ့ University of Greenwich (UK)
- B.S.E အင်ဂျင်နီယာဘွဲ့ AIT (Asian Institute of Technology) Thailand
- B.B.A စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့ (SIAM University) Thailand
- B.Tech နည်းပညာ ထုတ်လုပ်မှုဘွဲ့ (Rangsit University) Thailand

MCC Training Institute (MCC.i)

Yangon Campus
Ph : 01-245762, 01-246634, 01-249152, 01-395512

Yatanarpon Campus
Ph : 02- 5178112, 02-5178113, 02- 5178114, 02-5178130

Mandalay Campus
Ph : 02- 77930 09-402671562 09- 91034062,

★New Star

တောင်ကြီး၊အင်းလေး၊ တောင်ကြီး၊ကျိုင်းတုံ၊ တာချီလိတ်၊မယ်ဆိုင်၊ ချင်းလိုင်း၊ ချင်းမိုင်း၊ရွှေတြိဂံ(လော) April (12)

09 448021580, 09 494032356

BB/--CNG Taxi လူအမည်ပေါက် ရောင်းမည်။ (CNG) လျှောက်ထားဆဲ၊

CALDINA(ZT) ဖြူ စက်ရုပ်(၂၀၀၃ MDL) ကားသန့် (215.L)

ဖုန်း-၀၉-၄၂၀၀၈၈၇၇၇

ကားရောင်းမည်

- 1999 Land Cruiser Prado Pearl White, TX Limited
- 1997 Land Cruiser Prado Pearl White, TX Limited
- 1997 Land Cruiser Prado Blue , TZ
- 2003 Toyota Caldina Silver , TV, ZT

Ph:095121084

ပုဂံမြို့၊ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီးစီး၍ ရေစက်ချမင်္ဂလာ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်ရှိ မြန်မာသက္ကရာဇ် ၃၉၃ ခုနှစ်၊ အနော်ရထာမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သော စွယ်တော်မြတ်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် လောကနန္ဒာ စွယ်တော်မြတ်စေတီတော်အား ရွှေစင် ရွှေပြားအစစ်ဖြင့် ပြုလုပ်ထားရှိသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းဘုံ၊ ဆပ်သွားဖူးများ တင်လှူပွဲနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း အောင်မြင်ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့) ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇း၀၀နာရီမှ ၁၀း၀၀နာရီအတွင်း ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းဘုံ၊ ဆပ်သွားဖူးတင်လှူပူဇော်ပွဲနှင့် လှူဒါန်းမှုအစုစုအား ရေစက်သွန်းချအမျှပေးဝေခြင်း မင်္ဂလာပြုလုပ်သွားမည်ဖြစ်ပါ၍ ကုသိုလ်သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့

ဖုန်း-၀၆၁-၆၅၃၃၄၊ ၀၉၂၀၄၂၆၀၉

မြတ်ဗုဒ္ဓ၏ သာသနာတော်အရှည်ခံ့တည်တံ့စေရန်

မဒေါက်မြို့၊ ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက်၊ ပန်းငွေရုံတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပန်းငွေရုံတောရ ဝင်းရတနာသာသနာ့ရိပ်သာ၊ ဓမ္မရံသီသာသနာ့ရိပ်သာ (ကျောက်လုံးကြီး၊ ကန်ဘေးအိုင်၊ ရွှေကျင်မြို့နယ်)တို့၏ ပဓာနမဟာနာယကဖြစ်တော်မူသော---

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ "ဘဒ္ဒန္တသုမနာဘိဝံသ"

မဟာထေရ်မြတ်၏ သက်တော်(၈၀)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲ၊ ပန်းငွေရုံတောရဆရာတော်၊ ဦးခင်ဝင်း-ဒေါ်မူမူမိသားစု၊ ပါမောက္ခချုပ်ဦးမင်းသန်းသောင်း(ငြိမ်း)-ဒေါ်ခင်ခင်ခမိသားစု၊ ဗိုလ်မှူးကျော်မိုး-ဒေါ်ဖြူဖြူမြင့်မိသားစုနှင့် ဦးမျိုးကျော်-ဒေါ်စုစုအုန်း မိသားစုတို့မှမတည်၍ အလှူရှင်များ စုပေါင်းလှူဒါန်းအပ်သော ရေဘေးကင်းလွတ် **"သက္ကနိမ္မိတာရုံ"** နှစ်ထပ်ကျောင်းဆောင်သစ် ပေ(၈၀×၅၀) သံဃိကဝိဟာရဒါန ရေစက်ချလှူဒါန်းပွဲ၊ ဦးတင်အောင်စိုး-ဒေါ်ခိုင်ဝါဝါမိသားစုမှ ဆရာတော်၏ အနန္တဂုဏ်ရည်ကို ရည်မှန်း၍ ဆရာတော်အား ကံဆင့်ကံထပ်ပူဇော်ပွဲ၊ ပန်းငွေရုံတောရဝေယျာဝစ္စအဖွဲ့မှကြီးမှူး၍ သာသနတက္ကသီလဓမ္မာစရိယ B.A (Buddhism)ဘွဲ့တံဆိပ်တော်ရ အရှင်ထေရာနန္ဒ၊ အရှင်ဣန္ဒာစာရတို့အား ဂုဏပူဇာသဘင်ပွဲ၊ ပိဋကတ်သုံးပုံနှင့်မြတ်ဗုဒ္ဓ၏ ကျမ်းစာများလှူဒါန်းပွဲအား (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်၈ရက်) ၂၀၁၃ခုနှစ်၊ ဧပြီလ ၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမအလှူရှင်များမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အကြိုည ၂-၄-၂၀၁၃ရက်(အင်္ဂါနေ့)ည ၇နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဌာနမှူးပါမောက္ခဆရာတော် ဘဒ္ဒန္တကုဏ္ဍဘာသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)[သာသနဓဇဓမ္မာစရိယ၊ ဝိနယပါရဂူ သာသနတက္ကသီလ မဟာဓမ္မာစရိယ (M.A)]မှ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ပါသည်။

(လုပ်အားဒါနပြုကြသော နီးစပ်ရာကျေးရွာ၊ ရပ်ကွက်များမှလုပ်အားအလှူရှင် ၃၀၀၀ခန့်အား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဧည့်ခံမဏ္ဍပ် ၂/၃/၄/၅တို့တွင် ဧည့်ခံမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ထပ်ဆင့်ဖိတ်ကြားအပ်ပါသည်။)

အလှူရှင်များနှင့် ပူဇော်ပွဲကျင်းပရေးဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့

SIT SPECIAL TRIP TRAVEL & TOUR CO.,LTD

အာရှဒေသ၏ နာမည်ကျော်အပျော်စီးကမ်းခြေ ငပလီ မဟာသင်္ကြန်ပွဲတော်

တောင်ကြီး	Mar-23/Apr-13	ပုဂံ - ရွှေစက်တော်	Apr- 13
ပုဂံ - တောင်ကြီး	Mar-22/Apr-12	ထားဝယ် (ရှင်ကိုးရှင်)	Apr- 12
မန္တလေး-ကသာသ	Mra-22/Apr-12	သံတွဲ - ငပလီ	Apr- 13
ငွေဆောင် - မံဝီ	April - 12	ပုဂံ - မန္တလေး	Apr- 12

CAR RENTAL SERVICES

ကျိုင်းတုံ - တာချီလိတ် - မယ်ဆိုင် - ရွှေတြိဂံ - ချင်းရိုင်း (Chang Rai) FLIGHT TRIP

March 10 to 20 ငနေ့အတွင်းပြည်တွင်းခရီးစဉ်ဝယ်ယူသူတိုင်းအတွက် (5% to 10%) Discount ပေးနေပါပြီ

No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

FAME Tinoflam®

Natural Anti-Inflammatory agent

ဆင်တုံးမနွယ်အရောင်ကျဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 006646 (0315)

FAME Hepa B®

For chronic hepatitis

အသည်းအားဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

TMR 006751 (0515)

နွေရာသီဒုလ္လဘသီလရှင်ဝတ်ပွဲနှင့် (၇)ရက်တရားစခန်းပွဲ

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ခေမာရာမသီလရှင်စာသင်တိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အနယ်နယ်အရပ်ရပ်မှ ဒုလ္လဘသီလရှင်ဝတ်ပွဲနှင့် မိုးကုတ်ဝိပဿနာ(၇)ရက်တရားစခန်းကို ဧပြီ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဒုလ္လဘသီလရှင်ဝတ်လိုသူများနှင့် တရားစခန်းဝင်လိုသူယောဂီများသည် ဧပြီ ၁၀ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၉၀၂၆၂၉၊ ၀၉-၇၃၂၁၉၁၆၆
ခေမာရာမသီလရှင်စာသင်တိုက်၊ သန်လျင်မြို့

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာရှိ မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ သင်္ကြန်(၁၀)ရက် အထူးတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၂၂-၄-၂၀၁၃ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယောဂီများ အောက်ပါ ဖုန်းနံပါတ်များသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၇၃၀၉၀၄၉၀၊ ၀၁-၆၂၈၁၀၅

ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရိပ်သာမဝင်နိုင်သူများအတွက် မိသားစု တာဝန်ထမ်းဆောင်ရင်း စီးပွားရေးလုပ်ကိုင်းရင်းရုပ်၊ နာမ်၊ ကံဝဋ်သုံးပါး၊ အနုပဿနာလေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာအကြောင်းတို့ကိုသိရှိပြီး မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရည်ရွယ်၍ ဦးမျိုးမြင့်ထွန်းက ဓမ္မဒါနပို့ချသင်ကြားပေးမည်ဖြစ်သည်၊ သင်တန်းရက်မှာ ၂၀၁၃ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၃၁ ရက်ထိ၊ ညနေ ၃း၀၀နာရီမှ ၅း၃၀နာရီအတွင်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်၊ အာဇာနည်လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်၌ ပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဖုန်း-၀၁-၃၈၇၃၆၁၊ ၀၉ ၄၂၀၁၈၅၃၈၆

နှိုးဆော်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်ရှိ အဘယာရာမကျောင်း(အာဒိကာရုံ)တိုက်တွင် (၁၅)ကြိမ်မြောက် အသိဉာဏ်ပေး၊ အလုပ်ပေးသတိပဋ္ဌာန်တရား(၇)ရက်စခန်းကို ၄-၄-၂၀၁၃ရက်မှစတင်၍ ၁၁-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ကျင်းပမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ယောဂီများသည် ၂၅-၃-၂၀၁၃ရက်နောက်ဆုံးထား၍ လူဦးရေကန့်သတ်ထားပါသဖြင့် မှတ်ပုံတင်နှင့်တကွ ကြိုတင်စာရင်းပေးသွင်းရန် အဘယာရာမကျောင်း (ဖုန်း-၀၁-၅၄၇၀၃၀၊ ၀၉-၄၉၂၉၄၃၆၇)၊ ဦးအေးလှိုင် (ဖုန်း-၀၉-၄၂၀၀၂၃၃၂၅)သို့ ဆက်သွယ်စုံစမ်းနိုင်ကြပါသည်။

အမှုဆောင်အဖွဲ့(အဘယာရာမကျောင်း၊ အာဒိကာရုံတိုက်)
၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်

ရွှေမြင့်မိုရ်ဆရာတော်မိုးကုတ်ဝိပဿနာတရားစခန်းပွဲ [သင်္ကြန်အကြိုနှင့်သင်္ကြန်တွင်း (၇)ရက်တရားစခန်းပွဲ]

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ၂-၄-၂၀၁၃ရက်မှ ၈-၄-၂၀၁၃ရက်ထိ (၇)ရက်သင်္ကြန်အကြိုတရားစခန်းပွဲနှင့် ၁၃-၄-၂၀၁၃ရက်မှ ၁၉-၄-၂၀၁၃ရက်ထိ (သင်္ကြန်တွင်း) (၇)ရက်တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော်အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရအရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ ၂၉၊ ၃၀၊ ၃၁-၃-၂၀၁၃ရက်များတွင် စာရင်းသွင်းရန်နှင့်ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။ **ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**

ဖုန်း-၅၇၁၂၅၈၊ ၈၅၀၀၃၄၅၊ ၀၉-၄၂၀၀၇၀၇၈၉၊ ၀၉-၄၂၁၁၇၇၂၃၁၊ ၀၉-၄၂၀၀၉၈၇၃

SUN FAR TRAVELS & TOURS CO., LTD. ၂၀၁၃ သင်္ကြန်ခရီးစဉ်များ

Korea 11 April - 17 April
- Seoul
- Jeju

Thailand 12 April - 16 April
- Bangkok
- Pattaya

China 13 April - 19 April
- Hong Kong
- Macau
- Guangzhou
- Zhuhai
- Shenzhen

Head Office(Tour Department) No.27,5th Floor, 38th Street, Kyauktada Township, Yangon. 380 211, 250 866, 376 671, 09 4210 18222

Branch Office Unit #03-08, 3rd Floor, Sakura Tower, No.339, Bogyoke Aung San Road, Kyauktada Township, Yangon. 09 7303 8877, 255 883, 255 338

Branch Office No.61, New University Avenue, Bahan Township, Yangon. 09 7303 8866, 555 771

ငှားမည်

မြေ (၁၂၀'×၁၂၀')၊ ဂိုဒေါင် (၄၀'×၈၅')
RC 2, Power 2, Lighting1, Ph 1,
ဇုန်-၅၊ လှိုင်သာယာ
ဖုန်း-၀၁-၇၀၁၉၀၀

ရန်ကုန်စက်မှုတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ သူငယ်ချင်းများစုံညီတွေ့ဆုံပွဲ(1984-1993)

မိသားစုနှင့်ဆရာတို့၏ ကျန်းမာရေးအခက်အခဲများကို ဝိုင်းဝန်းကူညီနိုင်ရန် သူငယ်ချင်းများစုံညီတွေ့ဆုံပွဲသို့ တက်ရောက်ပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁၉၈၄ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်လာသူများ၊ ၁၉၉၃ခုနှစ်တွင် ဘွဲ့ရသူများ၊ ၁၉၈၄ထက်စော၍ ဝင်ရောက်လာသော်လည်း ကျောင်းပျော်ကာ ၁၉၈၄အတန်းနှင့် ကံဆုံခဲ့သူများ တက်ရောက်ပါရန် တိုက်တွန်းအပ်ပါသည်။ ■ **နေရာကြိုတင်စီစဉ်ရပါသဖြင့် ကြိုတင်စာရင်းပေးပါရန်။**

ဆက်သွယ်ရန်
■ **နေ့ရက်** မတ်လ ၂၄ ၂၀၁၃ (တနင်္ဂနွေ)၊ ညနေ (၃)နာရီ အရောက်လာပါရန်
■ **နေရာ** Golden Hall, M3 Food Center, Bahan Sport Ground, Bahan Tsp.

အေးကိုကို(Ec)(095181133), ညဏ်စိုး(Ec)(0973117563), မြင့်သူ(Ec)(095124577)
ဇော်မိုး(Mech)(73060117), မိုးဇော်ဦး(Mech)(092002924), ကျော်နိုး(Mech)(098627852)
သန့်ဇော်(Chemical)(09450011680), ဇော်ထွန်းသင်(Civil)(095128593)

၈၀/၄၃၂၅ လိုက်ထရပ်ယာဉ် လက်ဝယ်ရှိသူ၊ ဒေါ်သီရိစိုးလှိုင်[၁၂/ဥကမ(နိုင်)၁၇၂၅၁၃]နှင့် ဦးတင်ကိုလတ် အပါအဝင်အများသိစေရန် အသိပေးကြေညာခြင်း

ဒေါ်သီရိစိုးလှိုင်သည် အိမ်ထောင်ရေးအပြစ်များအမြဲကျူးလွန်ခဲ့ခြင်းကြောင့် ကွာရှင်းရန်နှုတ်ဖြင့်နှစ်ဦးသဘောတူညီချက်ရရှိပြီး အတူတကွပေါင်းသင်းနေထိုင်ခြင်းမရှိ၊ ကွာရှင်းရန်ဆောင်ရွက်နေသည့်အချိန်တွင် နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းဖြစ်သည့်၊ ကျွန်ုပ်ကိုယ်တိုင် ဒေါ်သီရိစိုးလှိုင်အမည်ပေါက်ဖြင့်ဝယ်ယူပေးထားသည့် **၈၀/၄၃၂၅ လိုက်ထရပ်ယာဉ်**ကို ကျွန်ုပ်ခွင့်ပြုချက်မရှိဘဲ လစဉ်အခကြေးငွေဖြင့်ငှားရမ်းထားဆဲကာလ၌ **မိတ်ဆွေဦးတင်ကိုလတ်(၀၉၅၁ ၉၅၈၄၇)**၏ ကူညီပေးမှုဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလခန့်က **ငွေကျပ်သိန်း(၁၃၀)**ဖြင့်ရောင်းချခဲ့ကြောင်း ဒေါ်သီရိစိုးလှိုင်၏ဝန်ခံချက်အရ သိရှိရပါသည်။ ကျွန်ုပ်အနေဖြင့် ဦးတင်ကိုလတ်ထံသို့ ဖြစ်စဉ်အမှန်ကိုရှင်းပြရန် ဖုန်းဖြင့်အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဖုန်းမကိုင်ခဲ့ပါ။ ထို့ကြောင့် ယုံကြည်လောက်အောင် ဖုံးကွယ်တတ်သောသူမ၏ပရိယာယ်တွင် ဦးတင်ကိုလတ်ယုံမှတ်သက်ဝင်ခဲ့သည်ဟု ယူဆရပါသည်။ သို့ဖြစ်၍ မိတ်ဆွေရင်းအား မိတ်မပျက်လိုသောကြောင့် အမှန်တရားကိုသိရှိနိုင်စေရန် ဤသို့ထည့်သွင်းရှင်းလင်းဖော်ပြရခြင်းဖြစ်ပါသည်။ ဒေါ်သီရိစိုးလှိုင်သည် ယခုမှမဟုတ် အိမ်ထောင်သက်တစ်လျှောက် လက်ထပ်ပွားပစ္စည်းများကို ၎င်းတစ်ဦးတည်းဆန္ဒဖြင့် ကျွန်ုပ်၏သဘောတူခွင့်ပြုချက်တောင်းခံခြင်းမပြုဘဲ အမြဲရောင်းချသုံးဖြုန်းနေသောမိန်းမဖြစ်ကြောင်းရှင်းပြရန်မှာ ကျွန်ုပ်၏ဂုဏ်သိက္ခာအရရှက်လှသဖြင့် ရှင်းလင်းမပြောဆိုခဲ့ခြင်းအပေါ် ဒေါ်သီရိစိုးလှိုင်က အခွင့်ကောင်းယူသွားခဲ့သည်ကို မိတ်ဆွေက ကူညီခဲ့မိသည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။ ၎င်း၏စရိုက်ဆိုးများကြောင့်လည်း တရားမမှုကြီးအမှတ်-**၃၃၀/၂၀၁၂**ဖြင့်အရှေ့ပိုင်းခရိုင်တရားရုံးတွင်ကွာရှင်းရန် ပြတ်သားစွာဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပိုင်ဆိုင်မှုကို သေချာစွာစုံစမ်းခြင်းမပြုဘဲ ဝယ်ယူခဲ့သော **(၈၀/၄၃၂၅)**လက်ဝယ်ရှိသူများအနေဖြင့် (၂၀-၃-၂၀၁၃)ရက်မတိုင်မီ ကျွန်ုပ်ထံသို့ လက်ရောက်ပြန်လည်အပ်နှံရန်နှင့်ဆက်သွယ်အပ်နှံခြင်းမရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့အကြောင်းကြား၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးမျိုးမြင့်ဆောင်း(၀၉၄၉၂၀၆၀၃၂)**

ဒေါ်သီရိစိုးလှိုင်[၁၂/ဥကမ(နိုင်)၁၇၂၅၁၃] (ဘ)ဦးစိုးမြင့် (မိ)ဒေါ်သန်းသန်းဦး (စ)ဒေါ်သန်းသန်းတင်ချေးဟန်၊ အမှတ်(၅၂၄)၊ မဓာဝီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ပူးပေါင်းနှောင့်ယှက်သူများဖြစ်ကြသော ဒေါ်ဆွေဆွေမွန် [၁၂/တမန(နိုင်)၀၀၃၆၂၅] (ဖုန်း-၀၉၅၀၁၈၅၉၁)၊ အခန်း(၄၀၁)၊ တိုက်(ဒီ)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နှင့်ဒေါ်နီနီတို့သိရှိစေရန်သတိပေးခြင်းနှင့် ၁၁-၃-၂၀၁၃ရက်ထုတ်ကြေးမုံသတင်းစာပါ ၎င်းတို့၏လိမ်ညာရှင်းလင်းချက်အပေါ် ထပ်မံအသိပေးကြေညာခြင်း

ကျွန်ုပ်၏ကြေညာချက်သည် **ခိုင်လုံသည့်သက်သေအထောက်အထားများအရ တကယ့်ဖြစ်ရပ်မှန်ဖြစ်သည်ကို မည်သို့မျှငြင်းကွယ်နိုင်မည်မဟုတ်** ကြောင်း ကာယကံရှင်များအသိပင်ဖြစ်ပါသည်။ တရားဥပဒေနှင့်အညီအရေးယူလိုပါက သို့မဟုတ် တောင်းပန်စေလိုပါက ကျွန်ုပ်နှင့်မသက်ဆိုင်ဘဲ အမှန်တကယ်ပူးပေါင်းကူညီပေးခဲ့ပြီး ပါဝင်နှောင့်ယှက်ခဲ့သော လူကြီးမင်းတို့အနေဖြင့် လက်ဗွေနှိပ်၍လက်မှတ်ရေးထိုး ဝန်ခံထားသည့်ဒေါ်သီရိစိုးလှိုင် ကိုသာ အရေးယူရန်/တောင်းပန်စေရန်သာဖြစ်ပါသည်။ ကျွန်ုပ်သည် ဂုဏ်သိက္ခာကျဆင်းအောင် နှောင့်ယှက်ခြင်းခံထားရသူဖြစ်သည့်အတွက် တောင်းပန်ရန်တာဝန်မရှိသည့်အပြင် အမှန်တရားအတိုင်းဖြစ်ရန် နောင်ဖြစ်ပေါ်လာမည့်ကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးမျိုးမြင့်ဆောင်း**[၁၄/ဘကလ(နိုင်)၀၀၆၃၅၇]

ရောင်းမည်

(၂၅'×၅၀')၊ မြေညီ၊
ဖျာပုံလမ်း၊ စမ်းချောင်း
ဖုန်း-၅၃၄၇၇၄၊ ၀၉၅၀၈၂၀၃၉

အခိုးသင့် သံ၊ ဒိုင်း၊ မျှား Bolt & Nut Type

စက်ရုံများ၊ လူနေအိမ်များ၊ ဒိုင်း၊ မျှား တပ်ဆင်ရန် အချိန်ကျရောက်ပါက "လင်းပို"ကို သတိရပါ။

အရိပ်သင့် Sunshade

လူကြီးမင်းတို့၏ အိမ်များ၊ တိုက်ခန်းများ၊ စက်ရုံများတွင် နေဒဏ်၊ မိုးဒဏ် မခံရအောင် အရိပ်သင့် Sunshadeများ တပ်ဆင်ရန် မှာကြားနိုင်ပါသည်။ အဆောက်အဦး တိုးချဲ့ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးပါမည်။

Linpo Co.,Ltd.
No-17(A), Kabarayepagoda Road, Bainan.
Ph: 543816, 545883. 0950-14912, 09430 33345

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်မြင့်ဝင်း၏ ကားမောင်းလိုင်စင်ပါဝင်သော အမည်းရောင်ပိုက်ဆံအိတ်တစ်လုံး ကျောက်မြောင်း၊ ကုလ္လာသယလမ်းပေါ်တွင် ၁၀-၃-၂၀၁၃ရက် နံနက်၈း၃၀နာရီတွင် ပျောက်ဆုံးသွားပါ၍တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၂၉၈၁၂၊ ၀၉၄၂၁၅၆၇၈၈

MTI MYANMAR THAMES INTERNATIONAL

နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့်ဈေးကွက် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း

Diploma In Business (L3,L4,L5)

NCC Education ACCREDITED PARTNER

2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450

အိမ်၊ ခြံ ငှားမည်

အမှတ်(၅၆၉)၊ နံ့သာမြိုင်(၂)လမ်း၊
အင်းစိန်၊ ခြံအကျယ်
ပေ(၉၀×၁၀၀) အိမ် ၂ ထပ်ခွဲ
ပေ (၄၆×၄၈)
ရေ၊ မီးအစုံ
ကုမ္ပဏီနှင့် လုပ်ငန်းကြီးလုပ်ရန်
ကောင်းသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၅၈၆၄၊
၀၉-၄၂၈၃၂၁၁၀၆

မခင်ချောစု[၁၂/တမန(နိုင်)၁၀၀၂၆၂]နှင့် အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အိမ်အမှတ်(၅၃)နေ မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၁၀၀၂၆၂]ကိုင်ဆောင်သူ မခင်ချောစု(ဘ)ဦးကာဆင်သည် ၎င်းအကျိုးခံစား ရရှိစေရန် မိဘဖြစ်သူအား ယုံကြည်အောင် လိမ်လည်လှည့်ဖြားပြောဆိုပြုမူခြင်း၊ မိဘစကားကို မနာခံဘဲမိမိသဘောအလျောက် ၉-၃-၂၀၁၃ရက်တွင် နေအိမ်မှထွက်သွားခြင်း၊ မိဘဖြစ်သူ ဂုဏ်သိက္ခာကျ အရှက်ရအောင်ပြုမူဆောင်ရွက်ခြင်းတို့ကြောင့် ယနေ့မှစ၍ မခင်ချောစုနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝကို ဖခင်ဖြစ်သူ ကျွန်ုပ်မှလုံးဝ(လုံးဝ)တာဝန်မယူကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မခင်ချောစုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကာဆင်[၁၂/ပဘတ(နိုင်)၀၂၃၇၄၇]
အမှတ်(၅၃)၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့

